
# ကျိုက်ထီးရိုးဘုရား



## သမိုင်းသစ်

ဦးဘဦး — ပြုစုသည်

၅၄၃၆ ၂၉၁.၃၅
ဘဂ

လူမျိုးစု ချစ်ကြည်ရေးအတွက်

ခေတ်၏ခံယူချက်နှင့် လျော်ညီစွာ

ရေးသားပြုစုအပ်သော

# ကျိုက်ထီးရိုးဘုရား

## သမိုင်းသစ်

◆ ◆

ဦးဘဦး ပြုစုသည်

စာအုပ်မူပိုင်ရှင်-ဦးဘဦး

(ကူးယူပုံနှိပ်ခွင့်မပြု)

၁၉၆၅-ခု၊ ဇန္နဝါရီလ-ပထမနှိပ်ခြင်း

အဘိုး ဒ-၂၅ါး

**ထုတ်ဝေသူ....** ဦးဘိုးကြွယ် မှတ်ပုံတင်အမှတ် (၀၁၅၃)
စန္ဒာဝင်းစာအုပ်တိုက်

**ပုံနှိပ်သူ....** ဦးဘိုးကြွယ် မှတ်ပုံတင်အမှတ် (၀၂၄၃)
စန္ဒာဝင်းပုံနှိပ်တိုက် အမှတ် ၂၂၊ ၁၅၇လမ်း၊
တာမွေ-ရန်ကုန်မြို့ - ဖုံး(၅၀၇၅၈)

# မာတိကာ

| ခေါင်းစဉ် | | စာမျက်နှာအမှတ် |
|---|---|---|


| | | |
|---|---|---|
| | နိဒါန်း | |
| | ပဏာမ | |
| | အမှာ | |
| (၁) | ဘုမ္မိရွှေရည် မင်းနေပြည် | |
| (၂) | သားတော်နှစ်ပါး တောထွက်သွား | ၁၃ |
| (၃) | နဂါးဥဘွား သတို့သား | ၂၁ |
| (၄) | တိဿရသေ့ တောင်ပြောင်းရွှေ့ | ၂၃ |
| (၅) | အကုသိုလ်မိုးခုဆိုးကြီး | ၂၅ |
| (၆) | ရသေ့ကြီးထံ ဆည်းကပ်ပြန် | ၂၆ |
| (၇) | ဝိဇ္ဇာနဂါး ပေါင်းသင်းသွား | ၂၈ |
| (၈) | လွှမ်းဘွယ်ရာဖန် ကြုံလာပြန် | ၃၂ |
| (၉) | ကိတ္တိမသား တွေ့ဖန်များ | ၃၅ |
| (၁၀) | ဥမှပေါက်ဘွား နဂါးနွယ်များ | ၃၇ |
| (၁၁) | ညီဘော်ဥဘွား ကွယ်လွန်သွား | ၄၂ |
| (၁၂) | ဥဘွားနောင်တော် ရွှေနန်းပျော် | ၄၄ |
| (၁၃) | ဂံမ္ပတိ ရဟန္တာကြွရောက်လာ | ၄၆ |
| (၁၄) | ကျောင်းတော်ကြီးဝိဟာ ဆောက်လုပ်ခါ | ၅၀ |
| (၁၅) | ဘုရားရှင်တော် ကြွရောက်သော် | ၅၃ |
| (၁၆) | ဘုရားထံမှ ဆံတော်ရ | ၅၈ |
| (၁၇) | ဓါတ်မြတ်ဆံခြည် စေတီတည် | ၆၂ |
| (၁၈) | စုတေခါနီး ရသေ့ကြီး | ၆၃ |
| (၁၉) | အံ့ဘွယ်ထီးထီး ကျောက်လုံးကြီး | ၆၅ |

(၂၀) စေတီတည်ဆဲ ပူဇော်ပွဲ ၆၉
(၂၁) နတ်ဒေဝါအား အစောင့်ထား ၇၃
(၂၂) နန်းကျင်ကိုကောက် မိဖုရားမြှောက် ၇၄
(၂၃) တောင်ကြွားအကွေ့ ကျွားနှင့်တွေ့ ၇၇
(၂၄) ဘုရားနားရောက် အသက်ပျောက် ၇၉
(၂၅) ဘုရားတပိုက် သိမှတ်ထိုက် ၈၀
(၂၆) ဂူပေါင်းများမြောင် ရသေ့တောင် ၈၁
(၂၇) သားငှက်များမြောင် မုဆိုးတောင် ၈၂
(၂၈) တောင်နန်းမြို့ငူ ကျီးကန်းဂူ ၈၃
(၂၉) အံ့ဘွယ်တည်ပြန် ကျောက်သမ္ဘာန် ၈၄
(၃၀) စမ်းရေတွေ့စီး ရေမြောင်ကြီး ။
(၃၁) လေချိုအေးအေး စခန်းလေး ၈၅
(၃၂) မြောက်ဘက်တခွင် လွန်စုံလင် ၈၆
(၃၃) နတ်ရေတွင်းစုံ အဖုံဖုံ ၈၇
(၃၄) ယင်ပြင်တော်ဝယ် သိစဘွယ် ၈၁
(၃၅) နတ်ကွန်းစုံလင် ကုန်အစင် ၉၁
(၃၆) အမြင့်ထွဋ်ခေါင် လုံးတင်တောင် ၉၂
(၃၇) နဂါးပျော်ပိုက် တောင်ဇင်းကျိုက် ၁၀၀
(၃၈) ဂမုန်းစုံလင် ဇွဲကပင် ၁၀၂
(၃၉) လိုအင်ပြည့်ဝ ကေလာသ ၁၀၄
ဘုရားပင့် ၁၀၆
ကျိုက်ထီးရိုးဘုရားရှိခိုး ၁၀၇
ဂဝမ္ပတိ ရဟန္တာနှင့် စပ်ဆိုင်သမျှ သိကောင်း
စရာများ ၁၀၈
ကျိုက်ထီးရိုးသမိုင်းနှင့်သက်ဆိုင်သမျှသက္ကရာဇ်
အထောက်အထားများ ၁၁၁
ကျမ်းပြီးနိဂုံး ၁၁၂

# နိဒါန်း

သုံးလူ့ထွဋ်ထားသဗ္ဗညုမြတ်စွာဘုရားသည် ဂဝမ္ပတိရဟန္တာ၏ လျှောက်ထား တောင်းပန်မှုကြောင့်၊ သုဝဏ္ဏ ဘုမ္မ ခေါ်သထုံပြည်သို့ ဒေသစာရီ ကြွချီတော်မူစဉ် ဘုရင်တိဿ ဓမ္မ သီဟရာဇာမင်း၏ ဆောက်လုပ်လှူဒါန်းသော စံကျောင်း တော်ကြီး၌ ၇-ရက်တိုင်တိုင်သီတင်းသုံးနေထိုင်တော်မူ၍ မဇ္ဈိမ ဒေသသို့ ပြန်လည်ကြွသွားတော် မူခါနီးကာလဝယ်၊ ရသေ့ များ၏ လျှောက်ထားတောင်းပန်ချက်ကြောင့်၊ ဆံတော်ဓါတ် မြတ်များကို ရသေ့များအား ပေးသနားတော်မူခဲ့လေသည်။

ထိုသို့ ရသေ့များအား ပေးသနားတော်မူခဲ့သော ဆံတော် ဓါတ်မြတ်များတွင် ၃-ဆူသော ဆံတော်ဓါတ်တို့သည် အလွန် ထင်ရှားတယ် တည်နေပုံ၊ ဆန်းကြယ်သည့်ကျိုက်ထီးရိုးစေတီတော် ၏ ရသေ့ဦးခေါင်းပုံသဏ္ဌာန်ရှိ ကျောက်လုံးကြီး အတွင်းတွင် ကိန်းဝပ်စံပါယ်လျက်ရှိသည်၊ ထူးဆန်းအံ့သြဘွယ် စံပါယ်တော် မူသည့် ကျိုက်ထီးရိုးစေတီတော်၏ သမိုင်းကို အများပြည်သူ ရဟန်းရှင်လူတို့အား ဗဟုသုတတိုးပွါးစေခြင်းအလို့ငှါ ကျိုက် ထီးရိုးသမိုင်းအမျိုးမျိုးမြို့သမိုင်း၊ဗုဒ္ဓဝင်၊ မှန်ရာဇဝင်၊စွယ်စုံကျမ်း သုတေသန ဆောင်းပါးများနှင့် ညှိနှိုင်း၍ ကိုယ်တွေ့ ဗဟုသုတ များကို ထည့်သွင်းပြီးလျှင် ပါဠိမပါ စကားပြေသက်သက် ဖြင့် ဤကျိုက်ထီးရိုး ဘုရားသမိုင်းသစ်ကို ရေးသား အပ်ပါ သတည်း။

ဦးဘဦး

စာရေးသူနှင့်မူပိုင်

# ပဏာမ

သုံးပါးရပ်သူ နတ်လူပြဟ္မာ သတ္တဝါကို ခေမာသာခေါင် နိဗ္ဗာန်သောင်သို့၊ ရွှေဘောင်မဂ္ဂင်၊ သင်္ဘောယဉ်နှင့်၊ ကယ်တင် ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကိုရင်း။

သတ္တဝါလူနတ်၊ အထပ်ထပ်ကို လေးမြတ်ကြင်နာ၊ အဝိဇ္ဇာ နှင့်၊ တဏှာသံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူ မတင်အောင်၊ ရှောင်ကြဉ်ပေးတတ်၊ တရားမြတ်ကိုရင်း။

လောဘဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေ သနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော် ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့ ကိုရင်း။

အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပီတာ၊ မိနှင့်ဘတို့ ရေကြည်ကလလ၊ တည်ဦးစက၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင် မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာနှင့်၊ အစာဆိမ့်အေး၊ နို့ချို ပေး၍၊ မွေးသည့်မိခင်၊ ကျွေးဘရှင်ကိုရင်း။

နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်ဒေသာကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာအဖြာဖြာကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့ရောက်အောင်ပြုညွှန်၊ ဆရာမွန်ကို၎င်း။

ရတနာသုံးပါး၊ မိဘများနှင့်၊ သင်ကြားဆရာ၊ ထွဋ်မြတ်စွာကို၊ သဒ္ဓါကပ်ဆည်း၊ ပူဆော်ပြီးမှ၊ ဤကျိုက်ထီးရိုးဘုရား၊ သမိုင်းသစ်ကို၊ ရေးသားပေတော့အံ့သတည်း။

ဝ ဝ ဝ

# အမှာ

**သမိုင်းဆိုသည်မှာ** စေတီဘုရား၏အကြောင်းကို ဖြစ်စေ မြို့ရွာနိုင်ငံ၊ လူမျိုးဘာသာ စာပေတို့၏ အကြောင်းများကို ဖြစ်စေ၊ ဖြစ်ပေါ်လာပုံနှင့်တကွ ယခုမျက်မှောက်တွေ့ကြုံ နေပုံများကို ထင်ရှားသိရှိမှတ်သား လောက်အောင် ဖွဲ့ဆိုရေးသား ထားသော ကျမ်းစာတစောင်ကို ခေါ်ပါသည်။

ဘုရားသမိုင်းအမျိုးမျိုး ရှိကြသည့်အနက် ယခုရေးသားမည့် ကျိုက်ထီးရိုး သမိုင်းသစ်သည် ဘုရားတည်သော သာသနာနှစ် ၁၂၃ ခုနှစ် မှရေတွက်သော် နှစ်ပေါင်း ၂၃၇၇ နှစ်ကြာခဲ့ပြီး ဖြစ်၏၊ ထိုသို့ကာလကြာခဲ့သည့်အလျောက် ထိုကျိုက်ထီးရိုး သမိုင်းသည်လည်း မှုအမျိုးမျိုးကွဲလျက်ရှိသည်၊ ကျိုက်ထီးရိုးစေတီ တော် တည်ရှိရာအရပ်သည် ရှေးအခါက မွန်မင်းတို့နေထိုင်ရာ အရပ်တွင် တည်ရှိကျရောက်နေသဖြင့် သမိုင်းစာစောင် သမိုင်း ကျမ်းတို့ကို မွန်ဘာသာဖြင့် ရေးသားကြကုန်၏၊ ထိုမွန်မင်းတို့ တိုင်းပြည်သည်လည်းကာလကြာမြင့်စွာ အေးချမ်းသာယာခြင်း တည်ငြိမ်မှု မရှိခြင်းတို့ကြောင့် မွန်စာပေအမျိုးမျိုးတို့သည်လည်း ပျက်စီး ဆုံးရှုံးခဲ့ရလေသည်၊ သထုံရာဇဝင်၌ တိဿရသေ့ နှင့် သီဟရသေ့တို့သည် မြတ်စွာဘုရားထံမှ ဆံတော်များ ရသည်ဟု ဆိုသော်လည်း ဦးရွှေနော်ရေး သမိုင်းတစောင်တွင် ဗုဒ္ဓညာဏ သေ့က ကျိုက်ထီးရိုးဘုရားကို တည်သည်ဟုဆိုလေသည်။

သမိုင်းတစောင်၌ဂဝမ္ပတိရဟန္တာသည် ဘခင်တော်ခဲ့ဘူးသည့် သီဟရသေ့နှင့် ဦးရိုးတော် တိဿရသေ့တို့ထံသို့ ကြွရောက်

လာပြီး မိမိ၏ အဖြစ်အပျက်ကို ပြောပြရာမှအစ မြတ်စွာဘုရား သထုံသို့ ကြွရောက်လာပုံကို ရေးသားထားသည်။

မွန်ရာဇဝင် တစောင်၌ ဂဝမ္ပတိ ရဟန္တာအရှင်မြတ်သည်၊ မိတ္ထိလာပြည်မှ မိခင်ကွယ်လွန်ပြီးလျှင် ရာမညတိုင်း သထုံပြည်တွင် လူဖြစ်၍ ထိုမိခင်ဟောင်းအား တွေ့လိုသဖြင့် သထုံသို့ကြွလာသည်ဟု ဆိုပြန်သည်။

သထုံသို့ ကြွရောက်လာရာလည်း သံဃာတော် ၄ ပါးရာနှင့် ကြွရောက်လာသည်ဟု ရာဇဝင်ကဆိုသော်လည်း သာသနာလင်္ကာရ ကျမ်း၌ သံဃာတော်နှစ်သောင်းနှင့် ကြွရောက်လာသည်ဟု ဆိုလေသည်။

တဖန်လည်း မြတ်စွာဘုရားသည် သထုံပြည်သို့ ရှစ်ဝါမြောက် သက္ကရာဇ် ၁၁၁–ခုနှစ်တွင် ကြွရောက်သည်ဟု အဆိုရှိရာ သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားရှင်သည်ရှစ်ဝါမြောက် သံသုမာဂီရိပြည်တွင် ဝါဆိုသော သက္ကရာဇ် ၁၁၀–ခုနှစ်သာ ဖြစ်သင့်သည်။

ဤသို့ အမျိုးမျိုးအဖုံဖုံဖြစ်ပေါ်နေသော ကျိုက်ထီးရိုးသမိုင်းကို အနီးစပ်ဆုံးဖြစ်နိုင်ရန်အကြောင်းများကို ဆက်စပ်၍ မျက်မှောက်ခေတ်သမိုင်းကို ပူးတွဲပြီး ရေးသားရပေသည်။


သို့အတွက် သူတမျိုး ငါတဖုံ ငြင်းခုံမပြောကြားဘဲ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ခွဲခြားဝေဖန်၍ မှန်သည်ထင်သော စာသားများကိုသာ စွဲမြဲမှတ်သားထားရန် တိုက်တွန်းရင်း စာရှုသူအပေါင်းရောဂါခပ်သိမ်း ကင်းငြိမ်းပါစေဟု ဆုတောင်းအပ်ပါသတည်း။

# ကျိုက်ထီးရိုးဘုရား သမိုင်းသစ်

## (၁) ဘုမ္မိရွှေရည် မင်းနေပြည်

မဇ္ဈိမဒေသ၌ သုံးလူ့ထွဋ်ထား အရှင်ဂေါတမ မြတ်စွာဘုရားသည်· ဘုရားအဖြစ်သို့ ထင်ရှားဖြစ်ပွင့်တော်မူခါနီးကာလဝယ်၊ ယခုအခါ သထုံဟုခေါ်သော မြို့၏တည်ရာဌာနအနီး၌ သုဘိန္န နဂရဟုအမည်တွင်သော မင်းနေပြည်တော်မြို့ကြီးတမြို့သည် ထင်ရှားတည်ရှိလေ၏။

ထို သုဘိန္န နဂရရာဇဌာနီ မင်းနေပြည်တော်ကြီးတွင် တိဿဓမ္မမင်းကြီးသည် သီရိကပ္ပါအမည်ရှိသော မိဖုရားကြီးကို အဂ္ဂမဟေသီ ဘောင်ညာထားကာ မင်းကျင့်တရားဆယ်ပါး သင်္ဂဟတရားလေးပါး အပရိဟာနိယ တရားခုနစ်ပါး၊ နာယကဂုဏ်ခြောက်ပါး အစရှိသော မင်းကောင်းမင်းမြတ်တို့၏၊ ကျင့်စဉ်ဖြင့်တရားနှင့်အညီ မင်းပြုလေသဖြင့် ထိုမင်း နေပြည်တော်ကြီးအတွင်း၌ သူဌေးသူကြွယ်၊ ကုန်သည်လယ်လုပ် လက်ခစား နေ့စား မြို့အုပ်မြို့ချုပ်ရှေ့နေရှေ့ရပ် အမတ်စစ်သူကြီးအသီးသီးဖြင့်ကြက်ပျံမကျ အလွန်တင့်တယ်၊ ခန့်ညားစည်ကား သာယာလှပေသတည်း။



သုဘိန္ဒ နဂရမင်းနေပြည်တော်

ထိုတိဿမေမမင်းနှင့် သီရိကပ္ပါမင်းမိဖုရားတို့တွင် သားတော်နှစ်ပါးဘွားမြင်ရာ သားတော်အကြီးသည် ခမည်းတော်တိဿမေမမင်းနှင့် မျက်နှာသဏ္ဍာန်ကိုယ်ဟန်လုံးစုံ တူကုန်သည် ဖြစ်၍ မိမိ၏ အမည်ရင်းအတိုင်း တိဿမေမဟု မှည့်ခေါ်လေ၏၊ သားတော်အငယ်မှာကား ခြေဘဝါး နှစ်ဘက်လုံး၌ ခြင်္သေ့ရုပ်အစုံပါလာသဖြင့် သီဟရာဇာဟု အမည်မှည့်လေ၏။

ထိုမင်းသားညီနောင် နှစ်ပါးတို့သည် ပါဦးကိုတဦး အလွန်ချစ်ခင်ပြီး မင်းသားတို့၏ စည်းစိမ် ချမ်းသာအဆောင်အယောင်များဖြင့်၊ကြီးပြင်းလာခဲ့ရာ နောင်တော်တိဿမေမ မင်းသားသည် အသက် ၂၂-နှစ်၊ညီတော် သီဟရာဇာ မင်းသားသည်အသက် ၂၀ နှစ် အရွယ်သို့ရောက်လာသောအခါ နောင်တော် တိဿမေမ မင်းသားသည် ဘဝပါရမီကံရင့်သန်သောဓါတ်ခံကြောင့် ဤသို့ သံဝေဂဖြစ်ပေါ်လာလေ၏။

တလောကလုံးရှိ ကြီးကြီးငယ်ငယ် ပုပုရွရွ သတ္တဝါမှန်သမျှတို့သည် အလွန်စက်ဆုပ် ရွံရှာဘွယ်ကောင်း၍ ကျဉ်းကျပ် လှသော အစာသစ်အိမ်နှင့် အစာဟောင်းအိမ်နှစ်ခု အကြားတွင် ဆင်းရဲပင်ပန်းစွာ ပဋိသန္ဓေနေခဲ့ရခြင်း၊ထိုနောက်တဖန်ဘွားမြင်ပြန်လည်း တိုတောင်းလှသော လူသက်တန်းတွင် ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံပြီးသေရခြင်း၊နောက်တဖန် ဘဝသစ်ကိုရပြန်လျှင်လည်း ဤကဲ့သို့ပင် အစအဆုံးမမြင်နိုင်သော သံသရာတွင် ကျင်လည်ရမည့်အရေးကို တွေးတောကြောက်ရွံ့ခါ ဘဝ၏ လွတ်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရနိုင်ရန် တောထွက်ပြီး ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်း ဝိပဿနာတရားများကို

အားထုတ်မှုသင့်တော်မည်ဟု ကြံစည်တွေးတောနေစဉ် ညီတော်နှင့် တွေ့ဆုံမိကြသောအခါ ကျွန်ုပ်သည် သံသရာဘေးကြောင့် ထီးနန်းစည်းစိမ်ကို အလိုမရှိပါ၊ တောထွက်ပြီး ရသေ့ရဟန်းပြု၍ နေတော့မည် ညီတော်သာ ခမည်းတော် မယ်တော်တို့ကို စောင့်ရှောက်ခါ ထီးနန်းစိုးစံရစ်လေတော့ဟု ပြောဆိုလေလျှင် ညီတော်လည်း ဘဝပါရမီက ရင့်သန်သည့်ပြင် နှစ်ဦးတည်းသာ ရှိပြီးအလွန်ချစ်ခင်ကြင်နာသောညီနောင်များ ဖြစ်သောကြောင့် နောင်တော် တောထွက်ပြီးရသေ့ရဟန်းပြုလျှင် ညီတော်လည်း နောင်တော်နှင့်အတူ တောထွက်၍ရသေ့ရဟန်းပြုမည် ထီးနန်းစည်းစိမ်ကို အလိုမရှိကြောင်းကိုနောင်တော်အားပြောပြလေ၏။

ထိုနောက်မင်းသားညီနောင် နှစ်ပါးတို့သည် တောထွက်ရန် အရေးကို တွေးတော တိုင်ပင် ညီညွတ်ကြလျက် ခမည်းတော် မယ်တော်တို့ထံ လျှောက်ထားခွင့်ပန်အချိန်အခါကို စောင့်မျှော်ကာနေလေ၏။

သုဝဏ္ဏဘုမ္မိ-မည်ရှိသညာ၊
တိဿမေမ္မ-သီရိကပ္ပါ၊
သားတော်နှစ်ပါး-ထွန်းကားလေတာ၊
အိမ်ရှေ့မင်း-အပ်နှင်းလေတော့ရာ။

## (၂) သားတော်နှစ်ပါးတောထွက်သွား

တိဿမေမွမင်းကြီးနှင့်သီရိကပ္ပါ မိဖုရားကြီးတို့သည် အသက်အရွယ် အတော်အသင့်ကြီးရင့် လာသည်ကတကြောင်း သားတော်များအား ထီးနန်းစည်းစိမ်၊ အိမ်ရှေ့မင်း စည်းစိမ်တို့ဖြင့် နေထိုင်သည်ကို မြင်လိုသည်ကတဖုံ မင်းမိဖုရား နှစ်ပါးလုံးပင် ဥပုသ်ဆောင်ဝင်ပြီးတရားအားထုတ်လိုသည်က တမျိုးတို့ကြောင့် သားတော်ကြီး တိဿမေမွမင်းသားကို ထီးမွေနန်းမွေ ပေးအပ်ပြီး သားတော်အငယ်သီဟရာဇာမင်းသားကို အိမ်ရှေ့ဥပရာဇာအရာ အပ်နှင်းရန် မင်းမိဖုရားနှစ်ပါးတို့တိုင်ပင်ပြီးလျှင် တချိန်တွင် သားတော်နှစ်ပါးအား ခေါ်တော်မူ၍ ထီးနန်း နှင့် အိမ်ရှေ့အရာကို အပ်နှင်းပေးသနားတော်မူလေ၏။

မင်းသားညီနောင် နှစ်ပါးတို့လည်း မိမိတို့၏အကြံအစည်အတိုင်း ထီးနန်းစည်းစိမ်နှင့်အိမ်ရှေ့မင်း၏ စည်းစိမ်တို့ကို အလိုမရှိ တောထွက်၍ရသေ့ရဟန်းပြုလိုကြောင်းကို လျှောက်ထားခွင့်ပန်ကြလေ၏။

မင်းကြီးနှင့် မိဖုရားကြီးတို့သည်အလွန်ချစ်မြတ်နိုးသောသားတော်များဖြစ်သည့်ပြင် တောတောင်၏ ဘေးအန္တရာယ် သားရဲတိရစ္ဆာန်တို့၏ ဘေးအန္တရာယ် အစားအစာ ခေါင်းပါးမှုဘေးအမျိုးမျိုးတို့နှင့် ကြုံရမည်ကို စိုးရိမ်တော်မူလှသဖြင့် တောထွက်ဘို့အရေးကို ခွင့်မပေးဘဲနေလေ၏။

ခမည်းတော်မယ်တော်တို့ထံမှတော ထွက်ရန်ခွင့်မရလေလျှင် မင်းသားညီနောင် နှစ်ပါးတို့သည် စိတ်မချမ်းမသာ သောက

ရောက်ခါ တမှိုင်မှိုင်တတွေတွေ နှင့်နေခဲ့ကြရာ ပွဲတော်ကိုပင် မတည်နိုင်တော့သောအခြေသို့ ရောက်လတ်သော် အဟာရဓါတ်ကို အမှီပြု၍ဖြစ်တည်နေသော ကိုယ်ခန္ဓာသည် တနေ့တခြား အသားအရေ ပါးခါ အရိုးပေါ်အရေတင် မတ်တတ်က လဲမလောက် ပိန်ကြုံချိနဲ့လာလေ၏။

ထိုအခြင်းအရာကို မင်းမိဖုရား နှစ်ပါးတို့ မြင်တွေ့လေသော် သားတော်နှစ်ပါးသည်တောထွက်ဘို့အရေးခွင့်မပေးလျှင်မကြာမီ အသက်အန္တရာယ် စိုးရိမ်ရတော့မည်၊ တောထွက်ဘို့အရေးခွင့်ပေးလိုက်လျှင်တခါတရံသတိရအောက်မေ့လွမ်းဆွတ်ခဲ့သော် တောသို့လိုက်၍ တွေ့မြင်ဖူးမျှော်လျှင် အသက်ရှင်လျက်နှင့်ပင် တွေ့နိုင်ချေမည်ကိုတွေးတောခါ သားတော်နှစ်ပါးအား တောထွက် ရသေ့ရဟန်းပြုရန်ခွင့်ပေးတော်မူလေ၏။

မင်းသားညီနောင်နှစ်ပါးတို့လည်း ခမည်းတော်မယ်တော်တို့ထံမှ တောထွက်၍ရသေ့ရဟန်းပြုရန် အခွင့်ရလေလျှင် မိမိတို့ရည်မှန်းချက်အောင်မြင်သဖြင့် ဝမ်းမြောက်ရွှင်လန်းခါ အစာအဟာရများကို သုံးဆောင်မှီဝဲကြသဖြင့် ပိန်ကြုံနေသော ခန္ဓာကိုယ်သည် နဂိုရ်ပြကတေ့အတိုင်း တင့်တယ်သောအဆင်းအရောင်တို့ဖြစ်ပေါ်လာကုန်၏။

ထိုနောက် မင်းသားညီနောင်နှစ်ပါးတို့သည့် ရသေ့တို့၏ အသုံးအဆောင် အဝတ်အထည်၊ ဆေးဝါးအစရှိသည်တို့ကို ရှာဖွေစုဆောင်း၍ ပြည့်စုံသောအခါ ခမည်းတော် မယ်တော်တို့ကို ရှိသေစွာကန်တော့၍သုဘိန္ဒ နဂရ နေပြည်တော်၏ တောင်တံခါးမှထွက်ပြီးလျှင် ယခုအခါ ဇင်းကျိုက်တောင်ဟု အမည်



တိဿရသေ့ဇင်းကျိုက်တောင်၌သီတင်းသုံးနေတော်မူပုံ

တွင်သော သထုံမြို့၏ တောင်ဘက် ၃၅-မိုင်အကွာတွင်ရှိသော ပေ ၃၀၀၀-ကျော်မြင့်သည့် ဂစ္ဆဂီရိတောင်သို့ ကြွသွားလေ၏။

တောင်ပေါ်သို့ ရောက်ကြသောအခါ အရိပ်အာဝါသ ကောင်းမွန်၍ ရေကောင်းရေသန့်ရနိုင်ပြီးလျှင် သစ်သီးကြီးငယ် များ ပေါများသော သင့်လျော်သည့်နေရာတခုကို ရွေးချယ်ပြီး နောက် ကျောင်းသခ်မ်းငယ် တဆောင်ကို ဆောက်လုပ်ခါ ရသေ့အသွင်ဝတ်ဆင်လျက် ကမ္မဋ္ဌာန်း ဝိပဿနာတရားများကို အားထုတ်သီတင်းသုံးနေကြလေ၏။

ထိုသို့ သီတင်းသုံးနေကြစဉ် အလွန်နက်သော တောတောင် အတွင်း ညီနောင်နှစ်ပါးတည်းသာရှိခြင်း၊ မင်းသားဘဝ က တည်းက အလွန်ချစ်ခင်သော ညီနောင်ဖြစ်ခြင်းကြောင့် စကား ပြောဆိုနေခြင်း၊ တရားနှင့် စပ်ဆိုင်သောစကားများကို ဆွေး နွေးတိုင်ပင် ပြောဆိုနေခြင်းဖြင့်သာ အချိန်ကို ကုန်လွန်ပြီး နှစ် ပေါင်း အတော်ကြာသော်လည်း တရားထူးမရနိုင်ရှိလေလျှင် နောင်တော် တိဿရသေ့သည် ဤသို့အကြံရှိလေ၏။

ငါတို့ညီနောင်သည် အတူတကွနေတိုင်ပြီး စကားပြောခါ အချိန်ကုန်နေလျှင် တရားထူးကိုရနိုင်မည်မဟုတ် တဦးစီ သီးခြား နေထိုင်ခါ တရားအားထုတ်မှ သင့်တော်မည် အရေးအကြောင်း ကိစ္စတစုံတရာပေါ်ပေါက်က မီးဖြင့် အချက်ပြစတမ်းဟု ပြော ဆိုတိုင်ပင်ညီညွတ်ကြပြီးလျှင် ညီတော် သီဟရသေ့သည် ယခု အခါ ဇွဲကပင်တောင်ဟု အမည်တွင်သော ဇင်းကျိုက်တောင်

၏ အရှေ့ဘက် မိုင် ၃၀-ခန့်အကွာ သံလွင်မြစ်ခြားလျက် ပေ ၁၇၀၀- ကျော်မြင့်သည့် ဗန္ဓဝဂိရိတောင်သို့ ကြွရောက်ခါ ကျောင်းငယ်တဆောင်ဖြင့် သီးခြားနေထိုင် သီတင်းသုံးလေ၏။

ဤကဲ့သို့ သီးခြားနေထိုင်ခါ ကမ္မဋ္ဌာန်း ဝိပဿနာတရားကို ကြိုးစားအားထုတ်ရာ မကြာမီ ရသေ့ညီနောင် နှစ်ပါးသည် လောကီစျာန်ကို ရကြလေ၏။

ဂစ္ဆဂိရိတောင်တွင် နေထိုင်သီတင်းသုံးသော နောင်တော် ရသေ့သည် မင်းသား၏အမည်အတိုင်း တိဿရသေ့ဟု အမည် တွင်၍ ဗန္ဓဝဂိရိတောင်တွင် နေထိုင်သီတင်းသုံးသော ညီတော် ရသေ့သည် မင်းသား၏အမည်အတိုင်း သီဟရသေ့ဟု အမည် တွင်လေ၏။

တိဿဓမ္မ-သီဟရာဇာ၊
ရွှေပြည်ကြွင့်နန်း-ထီးနန်းပယ်ခွာ၊
တောတောင်အတွင်း-ချဉ်းနင်းဝင်လာ၊
ကမ္မဋ္ဌာန်း—မဂ်လမ်းရှာလေရာ။

၀ ၀ ၀



သီဟရသေ့ ဇွဲကပင်တောင်၌ သီတင်းသုံးနေတော်မူပုံ

## (၃) နဂါးဥဘွား သတ္တုသား

ဇင်းကျိုက်တောင်တွင် နေထိုင်သီတင်းသုံးသော နောင်တော် တိဿရသေ့သည် တနေ့သောအခါ တောင်ခြေသို့ ဆင်းပြီးလျှင် ပင်လယ်ကမ်းစပ်တလျှောက်သို့ သစ်သီးဝလံရှာဖွေရာ ကမ်းစပ် တနေရာတွင် ရွှချင်ဘွယ်ရာ လွန်စွာထူးဆန်းသော ဥကြီးနှစ်လုံး ကိုတွေ့သဖြင့် မိမိ၏ကျောင်းသင်္ခမ်းသို့ ယူဆောင်ပြီးလျှင် ကောင်း မွန်လုံခြုံစွာ သိမ်းဆည်းစောင့်ရှောက်ထားလေ၏။

ထိုဥကြီးနှစ်လုံးကို ရရှိပြီး ရက်များမကြာမီ ဇွဲကပင်တောင်မှ ညီတော် ရသေ့လည်း နောင်တော်ထံ အလည်အပတ်အဖူး အမျှော်ရောက်ရှိလာရာ ပင်လယ်ကမ်းစပ်မှ မိမိရရှိခဲ့သော ဥကြီး နှစ်လုံးကို ထုတ်၍ပြသေ၏၊ထိုဥနှစ်လုံးသည် နဂါးမနှင့် ဝိဇ္ဇာထိုရ် တွေ့ဆုံပေါင်းဖေါ်၍ ရသော သန္ဓေကို နဂါးမစွန့်ပစ်ခဲ့သော ဥကြီးများဖြစ်ရာ၏ဟု တွေးတောပြီးလျှင် တလုံးစီသိမ်းဆည်း ထားရန် သဘောတူခါ ညီတော် သီဟရသေ့အား ဥတလုံးကို ပေးလေ၏။

ညီတော်ရသေ့လည်း ဥတလုံးကို ယူဆောင်၍ ဇွဲကပင် တောင်သို့ ပြန်ကြွသွားပြီးလျှင် ရောက်သောအခါ ကောင်းမွန် စွာ စောင့်ရှောက်သိမ်းဆည်းထားလေ၏၊ ဥကြီးများကို စောင့် ရှောက်သိမ်းဆည်းထားရာမှ ကာလအတော်ကြာမြင့်သောအခါ နောင်တော် တိဿရသေ့ကြီး စောင့်ရှောက် သိမ်းဆည်းသွား

သောဥမှ ရှူချင်စဖွယ် တင့်တယ်လှပသော ယောကျ်ားကလေး ပေါက်ဘွားလာလေ၏၊ တချိန်တည်းမှာပင် ဇွဲကပင်တောင်တွင် နေထိုင်သီတင်းသုံးသော ညီတော်ရသေ့ဥမှလည်း ယောကျ်ားကလေးပေါက်ဘွားလာလေ၏။

ထိုဥဘွားကလေးများသည် ရုပ်ဆင်းအင်္ဂါ လွန်စွာတူညီကြကုန်၏၊ ရသေ့ညီနောင်တို့လည်း ဘဝကံပါရမီကြောင့် ရအပ်သော သားကလေးများကို သံယောဇဉ်ငြိတွယ်ခါ လွန်စွာချစ်မြတ်နိုးသည်ဖြစ်၍ ကလေးများ၏ အသက်ရှင်နိုင်ရေးကို နည်းအမျိုးမျိုးဖြင့် စောင့်ရှောက်ကျွေးမွေးထားကြလေ၏။

ပင်လယ်ကမ်းမှ-တွေ့ရဥမှာ၊
သတို့သားများ-ပေါက်ဘွားလာရာ၊
တကိုယ်တယောက်-စောင့်ရှောက်ခါသော၊
ရှေးဘဝ-မွေးရက်ဆုံလာ။

ဝ ဝ ဂ

## (၄) တိဿရသေ့ တောင်ပြောင်းရွှေ့

ဇင်းကျိုက်တောင်၌ နေခင်တော် တိဿရသေ့ သီတင်းသုံး နေတော်မူ၍ နှစ်ပေါင်းအတော်ကြာသောအခါ ထိုတောင်ရိုး တလျှောက်တွင်ရှိသော ရွာအသီးသီးမှ လူတို့သည် ရသေ့ကြီး၏ သီလ သိက္ခာ သမာဓိ ဂုဏ်တို့ကို ကြည်ညိုလေးစားလာကြသဖြင့် လာရောက်ဆည်းကပ်ကြသည်မှာ တနေ့ထက်တနေ့ များပြားလာ လေသော် ရသေ့ကြီးသည် တရားအားထုတ်ရန်ပင် အချိန်မရ ဖြစ်လေ၏။

ထိုအခါတိဿ ရသေ့ကြီးသည်ဤအရပ်ကားလူသူအရောက် အပေါက် အတက်အဆင်း များလှသည်၊ တရားအားထုတ်ရန် အချိန်မရ၊ အခြားသင့်လျော်သော နေရာတခုကိုရှာဖွေဦးမှ ဖြစ်ချေမည်ဟု အကြံရပြီးလျှင် သထုံမြို့၏ မြောက်ဘက် ယခု ကျိုက်ထီးရိုးစေတီရှိရာတောင်သို့ ရောက်ရှိလာရာ လူသူကင်းဝေး ပြီးဆိတ်ငြိမ်သည့်ပြင် တောကြီးတောင်ကြီး မြောင်ကြီးထွေထွေ စမ်းရေတွေပေါများ၍ အေးချမ်းသာယာသောနေရာကိုတွေ့မြင် လျှင် အလွန်သဘောကျ နှစ်သက်ရွှင်လန်းဝမ်းမြောက်ခါ ဇင်း ကျိုက်တောင်မှ ကျိုက်ထီးရိုးတောင်မြောက်ဘက်ရှိမုဆိုးတောင် သို့ မိမိမွေးထားသော ဥဘွားသားငယ်နှင့်အတူ ပြောင်းရွှေ့သီ တင်းသုံးနေထိုင်လေ၏။

ဤသို့ တိဿရသေ့ကြီး မုဆိုးတောင်သို့ပြောင်းရွှေ့နေထိုင်လျှင် ညီတော်သီဟရသေ့သည် ဇင်းကျိုက်တောင်နှင့်ဇွဲကပင်တောင်တို့၌ တလှည့်စီနေထိုင်သီတင်းသုံးလေ၏။

တိဿရသေ့၊ ပျော်မွေ့ဒေသာ၊
ဒါယကာများ၊ ဝတ်တွားလာရာ၊
တရားအားထုတ်၊ မလုပ်ရပေါ၊
နေရာကောင်း၊ ရွှေ့ပြောင်းလေတော့ရှာ။

ဝ ဝ ဝ

## (၅) အကုသိုလ်မီး မုဆိုးကြီး

ယခုအခါကျိုက်ထီးရိုးစေတီတော်တည်ရှိသော တောင်မှ အရှေ့မြောက်ဘက် ၃-ဖါလုံခန့်အကွာတွင်ရှိသော မုဆိုးတောင်သည် ရှေးအခါက မုဆိုးကြီးတယောက်ထိုင်နေသည်ကိုအစွဲပြု၍ မုဆိုးတောင်ဟု ခေါ်သည်၊ ထိုမုဆိုးသည် မိမိနေထိုင်သော တောင်တဝိုက်ရှိ တောင်ရိုးတောင်စွယ်ရှုမြောင် အသွယ်သွယ်တို့တွင် လှည့်ပတ်သွားလာလျက်သားငှက်အမျိုးမျိုးတို့ကို လိုက်လံပြစ်ခတ်ပြီးလျှင် ရသောအသားများကို တောင်ရိုးတောင်ခြေရှိရွာများသို့ သွားရောက်လိုက်လံရောင်းချ၍ အသက်မွေးလျက်နေထိုင်လေ၏။

ဤသို့အားဖြင့် တနေ့မပြတ်လိုက်လံပြစ်ခတ်နေခဲ့ရာတွင် တနေ့သော် သမင်မတကောင်ကို မျှားဖြင့် ပြစ်ခတ်လိုက်ရာ မျှားဆိတ်သင့်ပြီး မုဆိုးအနီး၌ပင် မျက်စိမျက်ဆံ ချာချာလည်လျက်လူးလှိမ့်ကန်ကျောက်ခါ ပင်ပန်းဆင်းရဲစွာ ဝေဒနာခံစားပြီးသေရှာသည်ကို တွေ့မြင်ရလျှင် အလွန်ထိတ်လန့်ခြင်း သံဝေဂဖြစ်သဖြင့် အချိန်ကြာမြင့်စွာ ကိုင်ဆောင်သုံးစွဲခဲ့သော လေးမျှားတို့ကို စွန့်ပစ်၍ တိဿရသေ့ကြီးထံသို့ သွားရောက်ခါအကျိုးအကြောင်းကို လျှောက်ထားပြီးလျှင် ဘိုးသူတော်အဝတ်ဖြင့်သီတင်းသီလဆောက်တည်လျက်နေလေ၏။

အကုသိုလ်မီး၊ မုဆိုးကြီးမှာ၊
တောခြုံကိုတိုး၊ သားမျိုးကိုရှာ၊
သမင်ငယ်အား၊ ပစ်ထားဒဏ်ရာ၊
အသဲထိတ်၊ စွဲစိတ်သံဝေဂါ။

## (၆) ရသေ့ကြီးထံ ဆည်းကပ်ပြန်

တိဿရသေ့ကြီး မုဆိုးတောင်သို့ပြောင်းရွှေ့နေထိုင်၍ ကာလအတော်ကြာသောအခါ၊ ကျိုက်ထီးရိုးတောင်အနီး တောင်ပေါ် တောင်းမျိုးဘလျောက်တို့တွင် နေထိုင်ကြသောတိုင်းရင်းသား ကရင်အမျိုးသားတို့၏ရွာပေါင်း ၃၀ ကျော်ကိုအုပ်ချုပ်ရသောကရင်အမျိုးသား စော်ကဲကြီးဘိုးကော်လွတ်နှင့်ဇနီးနန်းကြာဟဲတို့သည်ယခုကျိုက်သီးရိုးစေတီတော်တည်ရှိရာ တောင်၏အရှေ့မြောက်ဘက် ၄-မိုင်ခန့် အကွာတွင် တည်ရှိသော မဲသနရွာတွင် နေထိုင်လျက်ရှိလေ၏။

ရိုးရာအလိုက် ပစ္စည်း ဥစ္စာပေါများကြွယ်ဝပြီးလျှင် ဩဇာအာဏာနှင့် ပြည့်စုံ၏၊ ဘိုးကော်လွတ်နှင့် နန်းကြာဟဲတို့လည်း တိဿရသေ့ကြီးထံသို့ လာရောက်ဆည်းကပ်ကြရာလွန်စွာကြည်ညိုသဖြင့် ပစ္စည်းလေးပါး ဒါယကာခံယူခါ မကြာမကြာလာရောက်၍တရားဓမ္မကိုနာယူကြကုန်၏။

ဝိဇ္ဇာထိုရ်နှင့်နဂါးမတို့၏ဥမှ မွေးဘွားခဲ့သော သတို့သားငယ်သည် ရသေ့ကြီး၏ယုယပိုက်ထွေး ကျွေးမွေးစောင့်ရှောက်မှုကြောင့် ချမ်းသာစွာဖြင့် နေထိုင်ကြီးပြင်းခဲ့ရာ ရှုချင်ဘွယ်ရာ အလွန်တင့်တယ်သော ကိုယ်သားကိုယ်နေ အရေအသားတို့သည် ထင်ရှားစွာ ပေါ်ပေါက်လာကုန်၏၊ ထိုဥဘွားသတို့သားကို

ကြိမ်ဖန်များစွာတွေ့မြင်နေရသော ဘိုးကော်လွတ်နှင့် နန်းကြာ ယဲတို့သည် သားသမီးမထွန်းကားသည့်အလျောက် သားအမှတ် ဖြင့်မွေးမြူရန် တောင်းဆို လျှောက်ထားကြသော်လည်းငယ်စဉ် ကတည်းက ကျွေးမွေးစောင့်ရှောက်လာရသည့်အတွက် သံယော ဇဉ်ငြိတွယ်ခါမည်သူကိုမျှ မပေးနိုင်ဟုမိန့်တော်မူလေ၏။

တိဿ ရသေ့ကြီးလည်း ဥဘွားသတို့သားငယ်သည် ဝိဇ္ဇာ ထိုရ်နှင့်နဂါးမတို့၏ သားအမှန်ဖြစ်မည်ဟု တွေးတောခါ နာဂ ဝိဇ္ဇာဟု အမည်မှည့်လေ၏။

တိဿရသေ့၊ ပျော်မွေ့နေရာ၊
ကရင်အများ၊ ရောက်သွားခါခါ၊
ပစ္စည်းလေးပါး၊ လှူကြွားပြန်ပါ၊
တရားပြ၊ မိန့်ဟာသဂစ္ဆာ။

## (၇) ဝိဇ္ဇာနဂါး ပေါင်းသင်းသွား

ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ တောင်ရိုးတလျှောက်တို့၌ ဆေးပင် ဝါးပင်နှင့် ဂမုန်းပင်များလွန်စွာ ပေါများသည့်အလျှောက် ထိုဆေးပင်ဝါးပင်များကိုလှည့်ပတ်ရှာဖွေသော ဝိဇ္ဇာထိုရ်လုလင်တဦးသည် တိဿရသေ့ကြီးနေထိုင်သီတင်းသုံးသော ကျောင်းသခ်မ်းသို့ ရောက်လာလေ၏၊ ရသေ့ကြီးလည်း စရိုက်နှင့်လျော်ညီစွာ သင့်လျော်သော တရားဓမ္မများကို ဟောကြားရာ လွန်စွာကြည်ညိုလှသည်ဖြစ်၍ အခြားအရပ်သို့ မသွားတော့ဘဲ မိမိနှင့် သင့်လျော်သည့် လေမိုးလုံခြုံသောကျိုက်ထီးရိုး စေတီရှိရာတောင်၏ မြောက်ဘက် ၂ ဖါလုံခန့်အကွာတွင် ရှိသော ကျီးကန်းဂူ သို့မဟုတ် ကျီးပါးစပ်ဂူတွင် မိမိ၏ ဆေးဝါးအလုပ်များကိုပြုလုပ်ခါနေထိုင်လေ၏။

တိဿရသေ့ကြီးနှင့် ဝိဇ္ဇာထိုရ်လုလင်တို့ မုဆိုးတောင်နှင့် ကျီးကန်းဂူတို့တွင် အသီးသီးနေထိုင်ကြစဉ်၊ တလင်သေပြီးလျှင် နောက်အိမ်ထောင်ပြုသည့် အစဉ်အလာမရှိသော ဘောဂဝတီနဂါးပြည်မှ နဂါးမတဦးသည်၊ မိမိချစ်လင် နဂါးကြီး သေဆုံးသွားသဖြင့် တဦးထီး ခင်ပွန်းလင် ကင်းမဲ့စွာနှင့် နေရသောကြောင့် ပျင်းရိလှသည်ဖြစ်၍၊ ကာမဖြင့် ပျော်ရွှင်စွာ နေလိုသောဆန္ဒဖြင့် လူ့ပြည်သို့တက်၍ ကြင်ဘက်တော် ရှာမည်ဟု

နဂါးပြည်မှ သမုဒ္ဒရာလှိုင်းလုံးစီးပြီး ထွက်ခဲ့ရာ၊ သင်းရနံ့ထုံ ပန်းမျိုးစုံသည့် ရဂုံသေလာ ဝေဖြာမောက်ဖြိုး ကျိုက်ဟီးရိုးတောင်၏ အရှေ့မြောက်ဘက် ၃-မိုင်ခန့်အကွာ ရှိမြောင်ထဲတွင်ရှိသော ကျောက်ထပ်ကြီးအရပ်သို့ ရောက်လာလေလျှင် ထိုနေရာ၌ အမြဲနေထိုင် ကျက်စားသည့် ကိုယ်ကာယ အလွန်ကြီးမား ထွားကျိုင်းသော ဖါးမကြီးတကောင်နှင့် တွေ့လေ၏။

ဖါးတို့မည်သည် နဂါးတို့၏ အစာဖြစ်သော်လည်း လူသားတို့နှင့် တွေ့လိုသော နဂါးမသည်၊ သတင်းစကားကို မေးမြန်းလိုသဖြင့် ဖါးမကို မစားဘဲ မိတ်ဖွဲ့၍နေလေ၏၊ ကာလ အတန်ကြာသော် ရင်းနှီးသော မိတ်ဆွေပမာ ချစ်ခင် ကြင်နာပြီး အကျွမ်းဝင်ကြလေ၏။

ရက်အတန်ကြာသော် နဂါးမက ကျွန်ုပ်သည် လူသားများနှင့်တွေ့လို၍၊ လူ့ပြည်သို့ လာခဲ့သည်၊ ဤအနီးအနား၌ လူသားများရှိသောနေရာကို ညွှန်ပြပါဟု ဆိုလေလျှင် ဖါးမက အို-အရှင်မ လူသားများနှင့်တွေ့လိုလျှင် ဤအရပ်မှ အနောက်တောင်ဘက်သို့ ခရီးအတော်သွားမိလျှင် လူသားများကို တွေ့လိမ့်မည်၊ ထိုမှတဆင့် စုံစမ်းပါဟု ညွှန်ကြားလေလျှင် နဂါးမလည်း ဝမ်းမြောက် ကြည်ရွှင်လျက်၊ မိမိ၏တန်ခိုးဖြင့် နတ်သမီးအသွင်လုပ တင့်တယ်စွာ ဖန်ဆင်းပြီးလျှင် ဖါးမ ညွှန်ပြသည့်အတိုင်း လာခဲ့ရာ ကျီးကန်းဂူသို့ ရောက်လေလျှင် ဂူအတွင်း ၌ သက်ရွယ် နုပျို-မအိုသေးဘဲ သန့်ရှင်းကြည်လင် အဆင်းအင်္ဂါနှင့် ပြည့်စုံသော ဝိဇ္ဇာထိုရ် လုလင်ကို မြင်လေ၏။

နဂါးမလည်း ရုပ်ဆင်း အင်္ဂါနှင့်ပြည့်စုံ၍ ချစ်နှစ်သက်ဘွယ်ကောင်းသော လူသားယောကျ်ားကို တွေ့ပေပြီ၊ သို့ရာတွင်

ကာမဖြင့် မိန်းမတို့၏အပေါ်၌ တပ်မက်ခြင်း ရှိမရှိကို မသိရသေး၊ ရတ်တရက် ချဉ်းကပ်၍မတော် စုံစမ်းဦးမည်ဟု ကြံစည်ပြီးလျှင် ကျိုးကန်းဂူ၏အနီး ဘုခုသောတောင်ဆွယ်တွင် ပုန်းကွယ်ကာ အခြေအနေကို စောင့်ကြည့်လျက် နေလေ၏။

နံနက် မိုးသောက်အလင်းသို့ ရောက်သောအခါ ဝိဇ္ဇာထိုရ်လုလင်သည် ပြုဘွယ်ကိစ္စတခုအတွက် ဂူမှထွက်သွားလေသော် နဂါးမလည်း အလျင်တဆော ရသမျှသော ပန်းများကို ရှာဖွေ၍ ဂူအတွင်းသို့ဝင်ပြီးလျှင် ပန်းမွေ့ရာခင်းလေ၏၊ ကာမဖြင့်တပ်မက်သူဖြစ်က ငါခင်းထားသော ပန်းမွေ့ရာထက်၌ အိပ်လတံ့၊ ကာမကို မလိုလားသူဖြစ်က ဖယ်ရှား စွန့်ပစ်အံ့ဟု အမှတ်ထားပြီးလျှင် တနေရာ၌ စောင့်ဆိုင်း ကြည့်ရှုကာ နေလေ၏။

ဝိဇ္ဇာထိုရ် လုလင်လည်း အရပ်တပါးမှ ပြန်ရောက်လာပြီးလျှင် ဂူအတွင်း၌ ပန်းမွေ့ရာ ခင်းထားသည်ကို မြင်လေရာ၊ ဤဂူအတွင်း၌ အဘယ်သူလာ၍ ပန်းမွေ့ရာ ခင်းလေသနည်း၊ အဘယ်အကြောင်းကြောင့် ခင်းလေသနည်း၊နက်ဖြန်အကြောင်းစုံ သိရအောင် စုံစမ်းမည်ဟု ကြံစည်ပြီးလျှင် မိုးသောက်ကာလ ဂူမှထွက်၍ အရပ်တပါးသို့ သွားဟန်ပြုပြီးလျှင် တခုသောတောင်စောင်းဘွင် ပုန်းအောင်းလျက် ချောင်းမြောင်း စောင့်မျှော်ကာ နေလေ၏။

နဂါးမလည်း မနေ့က ငါခင်းခဲ့သော ပန်းမွေ့ရာအသို ရှိသနည်းဟု သိလိုဇောဖြင့် ဂူအတွင်းသို့ဝင်ကြည့်ရာ မနီးမဝေးမှ ချောင်းမြောင်း ကြည့်ရှုနေသော ဝိဇ္ဇာထိုရ် လုလင်လည်း နတ်သမီးကဲ့သို့ လှပတင့်တယ် ရှုချင်ဘွယ်ရာ ရုပ်ဆင်းရှိသော

နဂါးမကို မြင်လေလျှင် အလျှင်အမြန် ဂူတွင်းသို့ ဝင်လိုက်လာ၍ သင်က အသူနည်း အဘယ်အကြောင်းကြောင့် ငါ၏နေရာသို့ လာရောက်သနည်းဟု မေးရာ၊ နဂါးမလည်း မရှက်မကြောက် နိုင်တော့ဘဲ မြင်ကတည်းက အလွန်နှစ်သက်ပြီး ခင်ပွန်းပြုလို၍ ဤဂူအတွင်းသို့ လာရောက်ပြီး ပန်းမွှေ့ရာ ခင်းရခြင်းနှင့် မိမိသည် ရက္ခစိုးနတ်မင်းကြီး၏သမီး ဖြစ်ကြောင်းကို ဝိဇ္ဇာထိုရ်အားပြောပြလေ၏။

ဝိဇ္ဇာထိုရ်လုလင်လည်း အလွန် လှပ၍ ချစ်နှစ်သက်ဘွယ် ကောင်းလှသော နဂါးမ၏ ရုပ်သွင်ကို မြင်ကတည်းကပင် ခင်မင်တိမ်းညွတ်ပြီးဖြစ်၍ လွန်စွာဝမ်းမြောက် လှသဖြင့် နှစ်ဦးသဘောတူ ကျိုးကန်းဂူ၌ ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ကြလေ၏၊ အတန်ကြာသောအခါ ဇနီးမောင်နှံ ဖြစ်လာကြောင်းကို တိဿရသေ့ကြီးအား သွားရောက်ဖူးမျှော်ကန်တော့ လျှောက်ထားကြလေ၏။

တောတောင်ကိုလျှောက်၊ မွှေနှောက်ဝိဇ္ဇာ၊
ကျိုးကန်းဂူတွင်း၊ မှီတင်းနေခါ၊
နဂါးမလည်း၊ အပြီးရောက်လာ၊
နှစ်ကိုယ်ချင်း၊ ပေါင်းသင်းနေတော့ရာ။

## (ဂ) လွမ်းဘွယ်ရာဖန် ကြုံလာပြန်

ဝိဇ္ဇာဓိုလ်ရှင် နဂါးမဇနီးမောင်နှံ တို့သည် ကျီးကန်းဂူ၌ ပျော်ရွှင်စွာနေထိုင်ကြ၍ ကာလအတန်ကြာသောအခါ နဂါးမသည် အိပ်ရေးဝအောင် အားပါးတရ သတိလွတ်လွတ် အိပ်ခဲ့လျှင် နဂါးတို့၏ မူလဇာတိ ရုပ်ပေါ်လာပြီးဝိဇ္ဇာဓိုလ်မြင်သွားမည်ကို စိုးရိမ်၍ အိပ်ရေးပျက်သည်မှာ ကာလ အတော်ကြာလာသည့်အလျောက် အလွန်ငိုက်မြည်းလာလေ၏။

ထိုသို့ရှိစဉ် တနေ့၌ ဝိဇ္ဇာဓိုလ် မရှိခိုက် အိပ်ရေးပျက် များလွန်းသောကြောင့် ရုတ်တရက် သတိလွတ်အိပ်ပျော်သွားလေ၏၊ သတိလွတ်စွာ အိပ်ပျော်သည်နှင့်တပြိုင်နက်နတ်သမီးကိုယ်ပျောက်ခါနဂါးရုပ်ပေါ်ပြီးဂူတခုလုံးနဂါးကိုယ်ဖြင့်ပြည့်လျက်နေလေ၏၊ ဝိဇ္ဇာဓိုလ်သည်လည်း ဂူသို့ပြန်ရောက်လာသော် နဂါးကိုယ်ဖြင့် ပြည့်နေသော ဂူ၏အခြင်းအရာကိုမြင်လေလျှင် အကြောင်းအသို့ ရှိလေမည်နည်းဟုအပြင်မှစောင့်ဆိုင်းကြည့်ရှုနေစဉ်နဂါးမလည်း အိပ်ရာမှနိုးလေ၏။

သတိလွတ်လွတ် အိပ်မိ၍ နဂါးဇာတိရုပ် ပေါ်နေသည်ကို စိုးရိမ်ကြီး နဂါးအသွင်ကို ဖျောက်ခါ နတ်သမီးအသွင်ဖြင့် ဟန်မပျက်နေလေ၏၊ ဝိဇ္ဇာဓိုလ်လည်း ငါ၏ဇနီးသည်ကား ကောင်းကင်ဘုံ နတ်သမီးမဟုတ် နဂါးမတည်း နဂါး ဟူသည် တိရစ္ဆာန်ပင်တည်း လူသားစင်စစ်ဖြစ်လျက် တိရစ္ဆာန်နဂါးနှင့် ပေါင်းသင်းနေမိသည်ကို တွေးတောစဉ်းစားမိတိုင်း ရှက်လှသဖြင့် ဤနဂါးမနှင့် ပေါင်းသင်းနေထိုင်၍မသင့် စွန့်ပစ်ပြီးလွတ်ရာသို့ ပြောင်းရွှေ့မှ ဖြစ်မည်ဟု ကြံစည်စိတ်ကူးခါနဂါးမ မသိစေရန် ဟန်ဆောင်လျက်နေလေ၏။

ရက်များမကြာမီ ဝိဇ္ဇာထိုရ်လုလင်သည် ငါသည်နဂါးမ နှင့် အိမ်ထောင်ဘက်ပြီး ပေါင်းသင်း နေထိုင်၍မသင့် ငါ၏ဆေး ဝါးကိစ္စလည်း ပြုရန်များစွာကျန်သေးသည်၊ ယနေ့ပင်အရပ် တပါးသို့ ထွက်သွားတော့အံ့ဟု ကြံပြီးလျှင် နဂါးမအား တစုံ တရာအသိမပေးဘဲ အမှတ်မဲ့ ထွက်ခဲ့ပြီးလျှင် တိဿရသေ့ကြီး ထံဝင်ရောက်ကန်တော့၍ အရပ်ဘပါးသို့တိမ်းရှောင် ထွက်ပြေး လေ၏။

နဂါးမလည်း ဝိဇ္ဇာထိုရ်ထွက်ပြေးသည်ကို မသိဘဲယခင် နေ မြဲတိုင်း စိတ်ချယုံကြည်စွာဖြင့်နေခဲ့ရာနေ့ကုန်သည် တိုင်အောင် ပြန်မရောက်မှ မိမိအားစွန့်ပစ်၍ ထွက်ပြေးပြီဟု တွေးတောခါ ဂူအတွင်းမှ ထွက်ပြီးတောတောင် ရှိုမြောင်တို့တွင် အထပ်ထပ် ရှာဖွေသော်လည်း အစအနမှ မမြင်သည်နှင့် နေရင်းဌာနကြီး ကန်းဂူသို့ပြန်လာပြီး ပူပန်ဝမ်းနည်းလျက်ယူကျုံးမရဖြစ်ခါအိပ် မိခြင်းကြောင့် မိမိ၏ နဂါးရုပ်သွင်ကို ဝိဇ္ဇာထိုရ် မြင်သွား၍ ကြောက်ရွံ့ပြီး ထွက်ပြေးသည်ဖြစ်တန်ရာ၏ဟု တွေးတောခါ အိပ်မိခြင်းအတွက် နောင်တကြီးစွာရလျက် တဦးတည်း ပျင်းရိ အားငယ်စွာ နေထိုင်ခဲ့ရာ ရက်အနည်းငယ် ကြာသောအခါ ငါသည် လင်ယောကျ်ားကို အမှီပြု၍သာ ဤတောတောင်၌ ဆွေမျိုးမိဘများ နှင့် ခွဲခွာပြီး တဦးတည်းနေထိုင်သည် လင် ယောကျ်ားမရှိလျှင် ဤအရပ်၌ နေရန်မသင့် မိဘရှိရာ နဂါး ပြည်သို့ပြန်တော့အံ့၊ သို့သော်ငါ၌ လူသားနှင့်ရသောသန္ဓေကား

ရှိနေလေပြီ၊ ထိုသန္ဓေကို နဂါးပြည်သို့ ယူဆောင်ရန်မသင့် သို့အတွက်သန္ဓေမွေးဘွားပြီးမှ ပြန်တော့အံ့ဟု မွေးဘွားချိန် ရောက်သည်တိုင်အောင် စောင့်ဆိုင်းနေထိုင်လျက်သန္ဓေရင့်သော အခါ မိမိနေသောကျိုးကန်းဂူ၌ ဥနှစ်လုံးကို ဥထားပြီးလျှင် တောတောင်တလျှောက်သို့လှည့်ပတ်ခါမိမိလင်ကို တွေ့အံ့နိုးနိုး နှင့် ရှာဖွေရင်းနဂါးပြည်သို့ပြန်လေ၏။

အိပ်စက်ပျော်ဘိ၊ ဇာတိပေါ်ခါ၊
နဂါးမအာ၊ ပစ်သွားပြန်ပါ၊
သောကထွေပြား၊ သနားစရာ၊
ဘောဂတိုင်း၊ မဆိုင်းပြန်တော့တာ။

ဂ ဂ ဂ

## (၉) ကိတ္တိမသား တွေ့ဖန်များ

နဂါးမနဂါးပြည်သို့ ပြန်သွားပြီးရက်များမကြာမီ တိဿရသေ့ကြီးသည် ဘိုးသူတော်ကိုခေါ်လျက် သစ်သီးဝလံ ရှာဖွေရန် မုဆိုးတောင်မှ ကျိုက်ထီးရိုးတောင်သို့တက်ပြီးတောင်ဘက်သို့ လျှောက်ခဲ့ရာ ပန်းတင်ကျောက်အနီးသို့ ရောက်လေသော် ခြုံတခုအတွင်းမှ ကလေးငိုသံကြား၍ သွားရောက်ကြည့်ရှုရာ အဝတ်များဖြင့် ရစ်ပတ်ပြီး ကိုယ်တွင် အဖုအလုံးများပြည့်လျက်ရှိသော ၄-လအရွယ်ကလေးငယ်ကို မြင်လျှင် သနားသဖြင့် ကောက်ယူ၍ ပြန်လာကြရာ ကျိုက်ထီးရိုးတောင်သို့ ရောက်ခဲ့ကြလေ၏။

ကျိုက်ထီးရိုးတောင်သို့ရောက်သောအခါမိမိကျောင်းသင်္ခမ်းသို့ မရောက်လာသည်မှာ ကြာပြီဖြစ်သော ဝိဇ္ဇာထိုရ် ဇနီးမောင်နှံတို့ကို သတိရသည် နှင့် အကြောင်း အဘယ်သို့ရှိသနည်းဟု စုံစမ်းလို၍ ကျီးကန်းဂူသို့ကြွသွားလေ၏၊ ဂူသို့ရောက်သော်လည်း ဝိဇ္ဇာထိုရ်ဇနီးမောင်နှံတို့ကိုမတွေ့မမြင်၊ သို့နှင့် ဂူအတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ ယခင်အခါက ပင်လယ်ကမ်းစပ်မှ ရရှိခဲ့ဘူးသော ဥကြီးများ နှင့် အသွင်တူသည့် ဥကြီးနှစ်လုံးကို တွေ့မြင်လျှင် ဝိဇ္ဇာထိုရ်ဇနီးမောင်နှံတို့ကား ကွဲပြား၍ အရပ်တပါးသို့ထွက်သွားကြကုန်သည်ဖြစ်ရာ၏ဟုဆင်ခြင်ခါ ကျောင်းသင်္ခမ်းသို့ ယူဆောင်၍ ရှေးကနည်းတူ ကောင်းမွန်စွာစောင့်ရှောက်သိမ်းဆည်းထားလေ၏။

ထိုသို့ ဒုတိယအကြိမ် ဥနှစ်လုံးကို ရရှိပြီးရက်များ မကြာမီ ဇင်းကျိုက်တောင်မှ ညီတော် သီဟရသေ့ အလည်အပတ် အဖူး အမျှော်ရောက်ရှိလာသည်နှင့် မိမိရထားသော ဥနှစ်လုံးကို ထုတ်ပြပြီး ကျီးကန်းဂူ၌ ဝိဇ္ဇာထိုရ်နှင့်နဂါးမတို့အကြောင်းကို အနည်း ငယ်ပြောကြားခါ ရှေးအခါကရရှိဘူးသောဥများနှင့် အတူတူ ပင်ဖြစ်သည်ဟု ပြောဆိုပြီးလျှင် ညီတော်အား ဥတလုံးကို ပေးလေ၏၊ ညီတော်ရသေ့လည်းဥတလုံးကို ယူဆောင်၍ ဇင်း ကျိုက်တောင်သို့ ပြန်ပြီးလျှင် ကျောင်းသခ်မ်းသို့ ရောက်လတ် သော် ကောင်းမွန်စွာစောင့်ရှောက် သိမ်းဆည်းထားလေ၏။

တိဿရသေ့ကြီးလည်း ပန်းတင်ကျောက်အနီးမှ ရသောဒ ကလေးငယ်သည် ကျောက်ရောဂါဖြင့် သေပြီဟု ထင်မှတ်ပြီး စွန့်ပစ်ထားသည်ဖြစ်ရာ၏ဟု ဆင်ခြင်တွေးတောခါ ဆေးဝါး များနှင့်ကုသမွေးကျွေးခဲ့ရာ မကြာမီကျန်းမာလာလေ၏၊ မြန်မာ နိုင်ငံတွင် ဗုဒ္ဓဘာသာ မထွန်းကားသေးသော ထိုအချိန်တွင် ကျိုက်ထီးရိုးတောင်၏ တောင်ရိုးတောင်ခြေတို့တွင် နေထိုင်ကြ သော လူတို့သည် နတ်များကိုသာ ကိုးကွယ်သည့်အလျောက် ယခုအခါ ပန်းတင်ကျောက်ဟုအမည်တွင်သောကျောက်လုံးကြီး တွင်နတ်ရှိသည်ဟုအယူရှိပြီးပန်းများကိုတင်လှူခါ အလိုရှိသော ဆုများကိုတောင်းလေ့ရှိကြသည်၊ တိဿရသေ့ကြီးလည်း ထိုက လေးကို ပန်းများတင်လှူသော ကျောက်လုံးကြီးအနီးမှရသော ကြောင့် ပေန်းဘင်ဟုအမည်မှည့်လေ၏။

ကိတ္တိမသား၊ တွေ့ငြားဖန်ဖန်၊
ယခုနောက်ထပ်၊ ရအပ်ကုံပြန်၊
ယုယပိုက်ထွေး၊ ကျွေးမွေးဆက်ခံ၊
ရှေးဘဝ၊ မွေးရဆုံလာကံ။

## (၁၀) ဥမှပေါက်ဘွား-နဂါးနွယ်များ

ကျီးကန်းဂူမှ ရလာသော ဥကိုသိမ်းဆည်းထားရာမှ လအာ တော်ကြာသောအခါ လှပတင့်တယ် အဆင်းအသရေနှင့် ပြည့်စုံ ၍ ရှုချင်ဘွယ်ရာရှိသော သတို့သမီးငယ်ပေါက်ဘွား လာလေ၏၊ ထိုနေ့မှာပင်ဇင်းကျိုက်တောင်မှညီတော်သီဟရသေ့ သိမ်းဆည်း ထားသော ဥမှလည်း ဆင်းဝါရုပ်သွင် ကြည်လင်သန့်ရှင်းသော သတို့သမီးငယ်ပေါက်ဘွားလေ၏၊ ထိုကလေး နှစ်ယောက်တို့သည် ရုပ်ဆင်း အင်္ဂါလွန်စွာတူညီကြကုန်၏၊ ရသေ့ညီနောင်တို့လည်း ရှေးကရဘူးသော ကလေးများနည်းတူကောင်းစွာစောင့်ရှောက် ကျွေးမွေးကြကုန်၏။

သူငယ်မကလေးများ ပေါက်ဘွား၍ရက်အတော်ကြာသော အခါ တိဿရသေ့ကြီး၏ ဒါယကာများဖြစ်သော စော်ကဲကြီး ဘိုးကော်လွတ်နှင့် ဇနီးနန်းကြာဟဲတို့သည် ရသေ့ကြီးထံအဖူး မျှော်ရောက်ရှိလာရာ ငပန်းတင် နှင့် ဥဘွားသတို့သမီးကိုမြင်လျှင် လွန်စွာချစ်ခင်သည့်အတွက် မိမိတို့မှာ သားသမီးမထွန်းကားသည့် အလျောက် အမွေစားအမွေခံ မွေးစားရန်ပေးသနားပါမည့်အ ကြောင်း လျှောက်ထား တောင်းဆိုကြကုန်၏။

တိဿရသေ့ကြီးလည်း မပေးနိုင်ဟု မိန့်ဆိုလေ၏၊ဘိုးကော် လွတ်နှင့် နန်းကြာဟဲတို့လည်း ကြိမ်ဖန်များစွာ ထပ်တလဲလဲ ကလေးငယ်များကိုပေးသနားပါရန်တောင်းဆိုလျှောက်ထားကြ

ပြန်၏၊ ဤသို့တောင်းဆိုဖန်များလတ်သော် ရသေ့ကြီးလည်း ဘိုးကော်လွတ်နှင့် နန်းကြာဟဲတို့သည်ပစ္စည်းဥစ္စာပြည့်စုံသူများ ဖြစ်သည့်ပြင် ဒါယကာရင်းများလည်း ဖြစ်သောကြောင့်အလွန် ချစ်ခင် ကြင်နာတော်မူလျက် နှင့် ကောင်းမွန်စွာစောင့်ရှောက် ကျွေးမွေးရန် အကြိမ်ကြိမ်မှာကြားပြီး ပေန်းတင်နှင့်ဥဘ္ဘွားသ တို့သမီးငယ်ကို ပေးအပ်လိုက်လေ၏။

ဘိုးကော်လွတ်နှင့် နန်းကြာဟဲတို့လည်း ဝမ်းမြောက်ဝမ်း သာစွာနှင့် ကလေးများကို တဦးစီချီဆောင်၍ အိမ်သို့ပြန်လာပြီး လျှင် သားသမီးအရင်းကဲ့သို့ယုယပိုက်ထွေး ကျွေးမွေး ကြကုန်၏၊ ဤသို့အားဖြင့် ကလေးများအတန်ငယ်ကြီးပြင်းလာသောအခါ ယောကျ်ားကလေးအားရသေ့ကြီး ထားသည့် အမည်အတိုင်း ပေန်းတင်ဟု အမည်မှည့်ပြီး ဥဘ္ဘွားသမီးငယ်ကို ကရင်အမျိုးသား များ နှစ်သက်မြတ်နိုးသော အမည်ဖြင့်ရွှေနန်းကျင်ဟုအမည်မှည့် ခေါ်လေ၏။

ထိုကလေးငယ် နှစ်ဦးသည် ဘိုးကော်လွတ်နှင့် နန်းကြာဟဲ တို့၏ စောင့်ရှောက်ကျွေးမွေးမှုဖြင့် နှစ်အတော်ကြာသော အခါ အသွင်အပြင်လှပ၍ တင့်တယ်သော ကိုယ်သားကိုယ်ရေ ရှိကြ ကုန်၏၊ အထူးသဖြင့် ဥဘ္ဘွားရွှေနန်းကျင်မှာ မိန်းမမြတ်တို့အင်္ဂါ လက္ခဏာများဖြစ်သည့်အပြင် အလျာကောင်းခြင်း ဣန္ဒြေကြီး ခြင်း၊ သိမ်မွေ့နူးညံ့ခြင်း၊အကျင့်သီလရှိခြင်းကျစ်လစ်ပိပြားခြင်း ချိုသာသော စကားကို ပြောဆိုတတ်ခြင်း၊ သနားကြင်နာတတ် ခြင်း၊ အစရှိသော အင်္ဂါရပ်တို့ နှင့် ညီညွတ်သည့်ပြင် ထူးကဲ

သော ရုပ်ဆင်းအင်္ဂါ လုပတင့်တယ်မှုကြောင့်ဘိုးကော်လွတ်နှင့် နန်းကြာဟဲတို့သည် အလွန်ချစ်ခင်ကြင်နာကြကုန်၏။

ထိုသို့ချစ်ခင်စိတ်ပိုမိုများပြားလွန်း၍ စိုးရိမ်မှုပေါ်ပေါက်ခါ ရသေ့ကြီးပြန်တောင်းမည်ကိုစိုးရိမ်၍ရသေ့ကြီးကျောင်းသို့ ပြု နေကျဝတ္တရားများကိုလျစ်လျူပြုခါ မသွားကြတော့ဘဲ ရှောင် တိမ်းခါ အစဖျောက်နေကြကုန်၏။

ကရင်အမျိုးသား စော်ကဲကြီး ဘိုးကော်လွတ်နှင့် နန်းကြာ ဟဲတို့သည် ကျိုက်ထီးရိုးတောင်ရိုးတလျှောက်ရှိ ရွာများကို ကြီး ကဲအုပ်ချုပ်ရသည့်နည်းတူ ဇင်းကျိုက်တောင်ခြေအနီးရှိ ရွာ ပေါင်းများစွာကို အုပ်ချုပ်ရသော သုဘိန္ဒ နဂရဘုရင်၏ လက် အောက်ခံ အပေါင်ကျွဲခြံ သူကြီးသည် ဇင်းကျိုက်တောင်၌ သီတင်းသုံး နေထိုင်သော သီဟရသေ့ထံ မကြာမကြာ လာ ရောက်ဆည်းကပ်လေ၏။

သီဟရသေ့ မွေးကျွေးစောင့်ရှောက်ထားသော ဥဘ္ဘားသတို့ သမီးငယ်ကို ကြိမ်ဖန်များစွာတွေ့မြင်လတ်သော် ရင်သွေးတမျှ ချစ်လှသဖြင့် မွေးစားလိုသောစိတ်ရှိ၍ ဆရာရသေ့ထံ လျှောက် ထားတောင်းဆိုလေ၏၊ သီဟရသေ့လည်း သံယောဇဉ်ဖြစ်ခါ ချစ်ခင်ကြင်နာရင်းရှိ၍ မပေးနိုင်ဟု ငြင်းပယ်တော်မူလေ၏၊ ဤသို့ဖြင့် ကြိမ်ဖန်များစွာ တောင်းဆိုလေသဖြင့် မိန်းကလေး ဖြစ်၍ ရသေ့တို့၏ ကျောင်းသခ်မ်းနှင့် မလျောက်ပတ်ခြင်း ဒါယကာရင်းများ ဖြစ်ကြသည့် အကြောင်းများ ကြောင့်

ကောင်းမွန်စွာ စောင့်ရှောက်ကျွေးမွေးရန် အတန်တန်မှာကြား ပြီး အလွန်ချစ်ခင်ကြင်နာလျက်နှင့် သတ္တိသမီးငယ်ကို အပေါင်ကျွဲခြံသူကြီးနှင့် သူကြီးကတော်တို့လက်သို့ ပေးအပ်လိုက်လေ၏။

အပေါင်ကျွဲခြံသူကြီးလည်း သတ္တိသမီးငယ်ကို ပွေ့ချီ၍ အလွန်ဝမ်းမြောက်ဝမ်းသာစွာ အိမ်သို့ပြန်လာခဲ့လေ၏၊ သူကြီးနှင့် သူကြီးကတော်တို့သည်း သားသမီးရင်းပမာ ချစ်ခင်ကြင်နာစွာ ကျွေးမွေးစောင့်ရှောက်လာခဲ့ရာ သတ္တိသမီးငယ် ပြေးလွှားနိုင်သောအရွယ်သို့ရောက်လတ်သော် ဆရာရသေ့ကျောင်းသို့ ကလေးငယ်ကို ချီဆောင်ပြသပြီး အဘယ်သို့ အမည်ပေးရမည်နည်းဟု မေးမြန်းလျှောက်ထားသောအခါ ကျိုးကန်းဂူမှ နဂါးမစွန့်ပစ်ထားခဲ့သောဥမှ ပေါက်ဖွားလာသည်ကို ကောင်းစွာသိထားသဖြင့် အမျိုးအနွယ်နှင့် သင့်လျော်စွာ နာဂသူဇာ အမည်မှည့်လေဟု အမိန့်ရှိလေ၏။

အပေါင်ကျွဲခြံသူကြီးလည်း ဆရာရသေ့ အမိန့်အတိုင်း နာဂသူဇာဟု အမည်မှည့်လေ၏၊ နာဂသူဇာသတ္တိသမီးလည်း အပေါင်ကျွဲခြံသူကြီး၏ ယုယပိုက်ထွေး ကျွေးမွေးမှုကြောင့် ချမ်းသာစွာ ကြီးပြင်းလာခဲ့ရာ အရွယ်ရောက်သောအချိန်၌ မဲနသရွာရှိ ကရင်စော်ကဲကြီး ဘိုးကော်လွတ်ဇနီး နန်းကြာဟဲတို့မွေးကျွေးထားသော ညီမအရင်း ရွှေနန်းကျင်ကဲ့သို့ပင် မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံ၏။

တခါတရံ အပေါင်ကျွဲခြံသူကြီးသည် တိဿရသေ့ကြီး ဇင်းကျိုက်တောင်သို့ အလည်အပတ်ရောက်လာသောအခါ သမီးကို

ခေါ်ဆောင်ပြီး သီဟရသေ့နှင့် တိဿရသေ့ကြီးထံသို့ သွား ရောက်ဖူးမျှော်ကန်တော့ပြီး သတို့သမီးကို ပြသလေလျှင် ရသေ့ ညီနောင်တို့လည်း ဥဘာဝမှစ၍ စောင့်ရှောက်ယုယ ကျွေးမွေး လာခဲ့ရပုံများကို တွေးတောသတိရပြီး ကြင်နာသနား မေတ္တာ ပွါးခါ ငါတို့၏သမီးပေတည်းဟု အမှတ်ထားကြကုန်၏၊ ရှေးနှန်း ကျင်ကိုမူကား မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်၍ သတိမရမေ လျော့လေကုန်၏။

ဥမှပေါက်ဘွား-နဂါးနွယ်မှာ၊
ရှေးဘဝက-ကတပုညာ၊
ရုပ်ရေလှပ-သီလရှိခါ၊
တဦးချင်း-ကြီးပြင်းလာတော့ရာ။

၀ ၀ ၀

## (၁၁) ညီတော်ဥဘ္ဘား-ကွယ်လွန်သွား

တိဿရသေ့ကြီး မုဆိုးတောင်သို့ မပြောင်းရွှေ့မီ ဇင်းကျိုက်တောင်တွင် နေထိုင်သီတင်းသုံးစဉ် ညီတော်သီဟရသေ့သည် ဇွဲကပင်တောင်တွင် နေထိုင် သီတင်းသုံးခဲ့ကြသည်၊ ထိုအခါ ဥဘ္ဘား သတို့သားငယ်တယောက်စီ မွေးမြူထားကြရာ ဇွဲကပင်တောင်နေ ညီတော်သီဟရသေ့ မွေးကျွေးထားသော သတို့သားငယ်သည် ၁၀-နှစ်သားအရွယ်သို့ ရောက်လတ်သော် ကျောက်ရောဂါနှင့် ကွယ်လွန်ပြီး မဇ္ဈိမဒေသ မိတ္ထီလာပြည်တွင် သူဋ္ဌေးတဦး၏သားဖြစ်ပြီ လျှင် အသက် ၇ နှစ်အရွယ်ရှိသောအခါ မြတ်စွာဘုရား ပွင့်တော်မူလေပြီဖြစ်သောကြောင့် ဘုရားရှင်၏ အထံတော်တွင် ရှင်သာမဏေပြုပြီး ကမ္မဋ္ဌာန်းဝိပဿနာတရားများကို ကြိုးစားအားထုတ်ရာ အသက် ၇-နှစ်အရွယ်မှာပင် အရှင်ဂဝမ္ပတိဟု ကျော်စောထင်ရှားသော ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုဂဝမ္ပတိ ရဟန္တာအရှင်မြတ်သည် ရှေးကဖြစ်ခဲ့ဘူးသောဘဝ၊ နေထိုင်ခဲ့ဘူးသောဋ္ဌာန၊ ယုယပိုက်ထွေး ကျွေးမွေးစောင့်ရှောက်ခဲ့သည့်အဘဖြစ်ခဲ့ဘူးသောရသေ့ကြီးတို့ကို တန်ခိုးတော်၏အစွမ်းဖြင့် သိတော်မူလျှင် သတိရ လွမ်းဆွတ်ခြင်းဖြစ်လေ၏။

တကြောင်းလည်း ဂဝမ္ပတိ ရဟန္တာအရှင်မြတ်သည် ရဟန္တာဖြစ်ပြီး မကြာမီကာလအတွင်း မိခင်ကိုတရားဟောလို၍ မိတ္ထီလာ

ပြည်သို့ ကြွမည်ရှိစဉ် အမိသေလွန်ကြောင်းကိုသိ၍ အဘယ်အရပ်တွင် ဖြစ်လေသနည်းဟု ကြည့်ရှုဆင်ခြင်တော်မူရာ ရာမည တိုင်း သုဝဏ္ဏဘူမိတွင် လူဖြစ်သည် မြင်လေသော်၊ ရှေးဘဝက ဘခင်ဖြစ်ခဲ့ဘူးသော ရသေ့နှင့် ဦးရီးတော်ရသေ့၊နှောင်တော် ဖြစ်ခဲ့ဘူးသော တိဿခမ္မ သီဟရာဇာမင်းနှင့် ယခုဘဝ မိခင် ဟောင်းတို့ကို တွေ့မြင်လို၍ ဘုရားရှင်အား ပန်ကြားပြီးလျှင် ရာမညတိုင်း ဘခင်ဟောင်း သီဟရသေ့နေထိုင်ရာ ဇင်းကျိုက် တောင်သို့ ကောင်းကင်ခရီးဖြင့် ကြွသွားလေ၏။

ညီတော်ဥဘ္ဘသွား-လွန်သွားပြန်ပါ၊
မဇ္ဈိမတိုင်း-မဆိုင်းဖြစ်လာ၊
ဘုရာ ထံပါး-တရားကိုနာ၊
ဂဝမ္ပတိ-ဖြစ်ဘိ ရဟန္တာ။

၀ ၀ ၀

## (၁၂) ဉဘွားနေ့ခင်တော်ရွှေနန်းပျော်

နေ့ခင်တော် တိဿရသေ့ကြီး မွေးမြူထားသော နာဂဝိဇ္ဇာ သတို့သားသည် ရသေ့ကြီး၏ ပြုစုယုယ ကျွေးမွေးမှုဖြင့်ချမ်း သာစွာကြီးပြင်းလာခဲ့ရာအသက် ၁၇-နှစ်အရွယ်သို့ရောက်သော အခါ အမိအဘတို့၏ မျိုးရိုးဂုဏ်အင် ထူးခြားမှုကြောင့် သာ မန်လူတို့နှင့် မတူဘဲ အစစအရာရာ ထူးခြားလျက် မင်းဖြစ်ထိုက် သော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံ၏၊ သနားကြင်နာတတ်ခြင်း တည်ကြည်ခြင်း၊ ရဲရင့်ခြင်းအစရှိသည်တို့နှင့်ပြည့်စုံပြီးလျှင် မင်း သားတို့ဘတ်အပ်သော အတတ်ပညာများကိုခမည်းတော်ရသေ့ ကြီး၏ သင်ကြားပြသမှုကြောင့် ကောင်းမွန်စွာ တတ်မြောက် လေ၏။

ဤသို့ဖြင့် ကြီးပြင်းလာခဲ့ရာ သတို့သားအသက်နှစ်ဆယ် အ ရွယ်သို့ရောက်လတ်သော် သုဘိန္န နဂရပြည်ရှင် ဘုရင်တိဿဓမ္မ မင်းကြီးသည် ဇရာဒုဗ္ဗလရွယ်သို့ ရောက်ပြီးဖြစ်၍ သူအိုနာ နှင့် နတ်ရွာစံလေ၏။

တိဿဓမ္မမင်းကြီး နတ်ရွာစံလေလျှင် သုဘိန္နနဂရနေပြည် တော်၌ သိမ်းနန်းဆက်ခံ မင်းပြုမည့်သူမရှိဖြစ်လတ်သော် မျူးမတ် သေနာပတိတို့လည်း တိဿရသေ့ကြီးနှင့် ညီတော်သီဟရသေ့

တို့ထံသို့ သွားရောက်ပြီးလျှင် ခမည်းတော် နတ်ရွာစံလွန်တော် မူကြောင်းနှင့်သုဘိန္ဒ နဂရ နေပြည်တော်တွင် ထီးနန်းစိုးအုပ်မင်း လုပ်ပါမည့်အကြောင်းကိုလျှောက်ထား တောင်းပန်ကြကုန်၏။

ရသေ့ညီနောင် နှစ်ပါးတို့လည်း အသက်အရွယ်ငယ်စဉ်က ပင်ထီးနန်းစည်းစိမ်နှင့် အိမ်ရှေ့မင်း၏ စည်းစိမ်တို့ကို အလိုမရှိ ဘဲ စွန့်ပစ်ခါတောထွက်ခဲ့ကြသည်၊ယခုအသက်အရွယ်ကြီးရင့်ပြီး ရသေ့ရဟန်း ဖြစ်ခါမှ ထီးနန်း စည်းစိမ်ကို သာ၍ပင် အ လိုမရှိတော့ပါ၊ သင်တို့အလိုရှိခဲ့ပါလျှင် ငါမွေးထားသော နာဂ ဝိဇ္ဇာသတို့သားကို ဆောင်ယူ၍ နန်းတင်ကြလော့ဟုအမိန့်ရှိလေ လျှင် မှူးမတ်သေနာပတိတို့သည် အလွန်သဘောကြိုက်ညီကြ သဖြင့် ရှင်လန်းဝမ်းမြောက်ခါ သုဘိန္ဒနဂရ နေပြည်တော်သို့ ဆောင်ယူကြလေ၏။

ရသေ့ညီနောင် နှစ်ပါးတို့လည်း သုဘိန္ဒနဂရပြည်သို့ ပြန် လည်ကြွရောက်လာပြီးလျှင်ခမည်းတော်၏အလောင်းကိုကောင်း စွာသင်္ဂြိုဟ်ပြီးနောက် နာဂဝိဇ္ဇာသတို့သားကိုလည်းမင်းသားညီ နောင်နှစ်ပါး၏ အမည်ကို ပေါင်းစပ်၍ တိဿမမ္မသီဟရာဇာဟု ဘွဲ့အမည် ပေးပြီးလျှင် နေပြည်တော်ကိုလည်း ရွှေထွက်ရာ ချောင်းကို အစွဲပြု၍ သုဝဏ္ဏဘူမိဟု သမုဒ်ပြီးခါသားတော် အားဘိသိတ်သွန်း၍ နန်းတင်ကြလေ၏။

နာဂဝိဇ္ဇာသတို့သား မင်းဖြစ်လေလျှင် အပေါင်ကျွဲခြံသူကြီး သို့မီးဥဘွားနာဂသူဇာကို ဆောင်ယူ၍ မိဖုရားမြှောက် လေ၏၊ ထိုမင်းသည် တိုင်းသူပြည်သားများအား ရင်ဝယ်သားကဲ့သို့ သနားခြင်းဂရုဏာ နှင့် တရားနှင့်အညီ မင်းပြုလေသဖြင့်သုဝဏ္ဏ

ဘုမ္မိနေပြည်တော်သည် အစဉ်အလာမပျက် ရှေးအခါကကဲ့သို့ သာယာ တင့်တယ်စည်ကားလျက်ရှိလေ၏၊ ခမည်းတော်ရသေ့ကြီးနှင့် ဦးရိုးတော်ရသေ့ကြီးတို့အား လှူဘွယ်ဝတ္ထုများဖြင့် မပြတ်လှူဒါန်းလေ၏။

နောင်တော်ဥဘ္ဘား၊ ကြီးထွားလာရာ၊
တိဿမင်းကြီး၊ နတ်ထီးစံပါ၊
သုဝဏ္ဏတိုင်း၊ ခွန်လှိုင်းဒေသာ၊
ဘုရင်မင်း၊ အပ်နှင်းပေးအပ်ခါ။

၀ ၀ ၀

## (၁၃) ဂဝမ္ပတိရဟန္တာ ကြွရောက်လာ

တိဿဓမ္မသီဟရာဇာမင်း နန်းတက်ပြီးမကြာမီတနေ့၌ အရှင်ဂဝမ္ပတိသည် ဘခင် နှင့်ဦးရိုးတော်၊ တော်ခဲ့ဘူးသောရသေ့ကြီးတို့ထံ ကောင်းကင်ခရီးဖြင့် ကြွရောက်လာပြီးလျှင် မိမိဖြစ်ပျက်ပုံအကြောင်းအရာအလုံးစုံနှင့် မဇ္ဈိမဒေသ၌ ယခုအခါမြတ်စွာဘုရား ပွင့်ဟော်မူလျက်ရှိကြောင်း၊မြတ်စွာဘုရား၏တရားတော်သည် သိမ်မွေ့နူးညံ့ပြီးနိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြောင်း အစရှိသည်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကြီးမားပုံတို့ကို ဟောကြားတော်မူရာ ရသေ့ညီနောင်နှစ်ပါးသည် ဘုရားရှင်ကို မျက်



ဂ ၁မ္ဗတိရှာဟန္တာ ရသေ့ညီနောင်အား တရားဟောနေပုံ

ဝါးထင်ထင် ဖူးမြင်လိုသောဆန္ဒ တရားတော်ကို နာကြားလိုသော ဆန္ဒတို့ဖြစ်ပေါ်လာကြသဖြင့် အရှင်မြတ်သည် မြတ်စွာဘုရားအထံတော်သို့ ပြန်လည်ရောက်ရှိလျှင် တပည့်တော်တို့နေထိုင်ရာသုဝဏ္ဏဘူမိသို့ မြတ်စွာဘုရားသခင်အား ပင့်ဆောင်ပေးပါဟု တောင်းပန်လျှောက်ထားကြလေ၏။

ဤသို့ရသေ့ညီနောင်တို့၏ လျှောက်ထားချက်ကို ဂဝမ္ပတိမထေရ်ကြားလျှင် ဘုရားရှင်အားသုဝဏ္ဏဘူမိသို့ ပင့်လျှောက်သော် ဘုရားရှင်သည် ရဟန္တာငါးရာတို့နှင့် ကြွလာလိမ့်မည်ကို တန်ခိုးတော်၏အစွမ်းဖြင့်သိတော်မူ၍ဘခင်တို့ယနေ့မှစ၍နောက် ခုနစ်ရက် မြောက်သောနေ့တွင်ဘုရားရှင်နှင့်တကွ ရဟန္တာငါးရာတို့သည်သုဝဏ္ဏ ဘူမိသို့ကြွလာတော်မူလိမ့်မည်၊ ဘုရားရှင်နှင့် ရဟန္တာငါးရာတို့သီတင်းသုံးနေထိုင်ရန်စံကျောင်းတော်နှင့်ဆွမ်းဘောဇဉ်ချိုချဉ်ရသာတို့ကို အသင့်စီမံထားပါဟု ဆိုပြီးလျှင် နောင်တော်ဖြစ်ခဲ့ဘူးသော သုဝဏ္ဏဘူမိဘုရင်၏ နန်းတော်သို့ ကြွသွားလေ၏။

နန်းတော်သို့ဝင်ပြီးလျှင် မြတ်သောနေရာ၌ နေတော်မူစဉ် တိဿဓမ္မသီဟရာဇာမင်းက အဘယ်အမျိုးအနွယ်နည်း၊ အဘယ်အရာကို အလိုရှိ၍ကြွရောက် လာပါသနည်းဟု လျှောက်ထား မေးမြန်းသောအခါ ဇင်းကျိုက်တောင်တွင် နေထိုင်ခဲ့သော ရသေ့ကြီးသည် အသင်မင်းကြီးကို ကျွေးမွေးစဉ် ဇွဲကပင်တောင်မှ ရသေ့ကြီးသည် ကျွန်ုပ်ကိုကျွေးမွေးခဲ့၏၊ ကျွန်ုပ်သေလွန်သော် မဇ္ဈိမဒေသ၌ အမျိုးသမီးတယောက်တွင် ဘွားမြင်လာ၏၊ အရှယ်ရောက်လတ်သော် မြတ်စွာဘုရား၏တရားတော်ကို နာရ

သဖြင့် ရဟန္တာဖြစ်လာသော ရှေးဘဝက သင်မင်းကြီး၏ ညီတော်ဖြစ်ခဲ့ဘူးကြောင်းကို ပြန်ပြောလေ၏၊ ထိုနောက် မင်းကြီးနှင့်တကွ မိဖုရားကြီးတို့အား စရိုက်နှင့်လျော်ညီစွာ သင့်လျော်သော တရားစကားများကို ဟောကြားခဲ့ပြီးလျှင် ကောင်းကင်ခရီးဖြင့် မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူလေ၏။

ဂဝမ္ပတိ-မည်ရှိရှင်မှာ၊
ဘဝဟောင်းက-ဖြစ်ကြောင်းဖြာဖြာ၊
သတိရ၍-လွမ်းငွေ့ဆူလာ၊
အာကာလမ်း-ကြွမြန်းလာခဲ့ရှာ။

၀ ၀ ၀

## (၁၄) ကျောင်းတော်ကြီးဝိဟာ ဆောက်လုပ်ခါ

ဂဝမ္ပတိ ရဟန္တာပြန်ကြွသွားပြီးနောက် ရသေ့ညီနောင်တို့လည်းနန်းတော်သို့ဝင်၍ သားဖြစ်သူဘုရင်မင်းမြတ်အား မဇ္ဈိမဒေသ၌ ပွင့်တော်မူလုံ့ကျ်ရှိသော မြတ်စွာဘုရားသည်၊ နောက် ၇-ရက်မြောက်သောနေ့တွင် ရဟန္တာငါးရာနှင့် သုဝဏ္ဏဘူမိသို့ ကြွရောက်တော်မူလိမ့်မည် ဘုရားအမှူးရှိသော ရဟန္တာငါးရာတို့ နေထိုင်သီတင်းသုံးရန် စံကျောင်းတော်နှင့် ကျွေးမွေးလှူဒါန်းရန် ဆွမ်းဘောဇဉ် ချိုချဉ်အစရှိသည်တို့ကို အသင့်စီစဉ်ပြုလုပ်ထားရန်လိုကြောင်းတို့ကို အမိန့်ရှိလေ၏။

တိဿဓမ္မသီဟရာဇာမင်းလည်း အလျင်အမြန် မှူးမတ်တို့ကိုခေါ်တော်မူ၍မဇ္ဈိမဒေသမှဘုရားအမျိုးရှိသောရဟန္တာငါးရာတို့သည်၊ နောက် ၇-ရက်မြောက်သောနေ့တွင် သုဝဏ္ဏဘူမိသို့ကြွရောက်လာလိမ့်မည်၊ ဘုရားရှင်နှင့် ရဟန္တာငါးရာနေထိုင်သီတင်းသုံးရန် ဘုရားရှင်နှင့် ထိုက်တန်သောကျောင်းတော်ကြီးကို ၇-ရက်အတွင်း ပြီးစီးအောင်ဆောက်လုပ်စေဟု အမိန့်ရှိလေ၏။

မှူးမတ် သေနာပတိတို့လည်း ဘုရားရှင်နှင့် နောက်ပါရဟန္တာငါးရာ သီတင်းသုံးနေထိုင်နိုင်ရန် ကျောင်းတော်ဆောက်လုပ်ရန် သုဝဏ္ဏဘူမိ နေပြည်တော်၏ လေးပြင်လေးရပ်တို့သို့လှည့်လည်ပြီး လက်သမားရှာပါသော်လည်း ၇-ရက်အတွင်းပြီးမြောက်အောင် ဆောက်လုပ်ပေးနိုင်မည့် လက်သမားကိုရှာဖွေ၍မရဖြစ်လေ၏၊ ထိုသို့ သုဝဏ္ဏဘူမိ၌ မြတ်စွာဘုရားသီတင်းသုံးရန်ကျောင်းတော်လိုနေကြောင်းကိုသိကြားမင်းသည်နတ်တို့၏တန်ခိုးဖြင့်သိ၍ လက်သမားအသွင် ဆောင်ပြီးလျှင်၊ နောက် ၇-ရက်အတွင်း ပြီးစီးအောင် ဆောက်လုပ်ပေးနိုင်ကြောင်းကို တာဝန်ယူခါ ဆောက်လုပ်လေတော့၏၊ နတ်တို့၏တန်ခိုးဖြင့် တခဏအတွင်း ဆောက်လုပ်ပြီးစီးနိုင်သော်လည်းရတ်တရက် ပြီးစီးအောင်မလုပ်ဘဲ တဖြည်းဖြည်းနှင့် ခြောက်ရက်မြောက်သောနေ့တွင် လူရပ်လူပြည်၌ တကြိမ်ဘခါမျှ မမြင်မတွေ့စဘူး ထူးဆန်းထွေလာ အံ့စရာအဖြာဖြာနှင့် ပြည့်စုံသောရတနာရွှေကျောင်းတော်ကြီးသည် ပြီးစီးလေတော့သတည်း။

ရသေ့ညီနောင်-မင်းမိဖုရားနှင့် သုဝဏ္ဏဘူမိ တိုင်းသူပြည်သားတို့သည် ကျောင်းတော်ကြီး ပြီးစီးကြောင်းကို ကြားလေ

သော် လာရောက်ကြည့်ရှုကြလျှင် ခန့်ညားတင့်တယ်၍ ထူးကဲ အံ့ဩလောက်သော ကျောင်းတော်ကြီးကို ခြီးမွမ်း၍ ငေးမော ကာနေကြလေကုန်၏။

ဘုရင်မင်းမြတ်လည်း ကြီးကျယ် ခမ်းနား ဆန်းကြယ်လှ သော ကျောင်းတော်ကြီးအား ၇-ရက်အတွင်း အပြီးတိုင် ဆောက်လုပ်ပေးသော လက်သမားအားဆုလာဘ်များစွာပေးရာ မည်သည့်ဆုလာဘ်ကိုမျှမယူဘဲ ကျောင်းတော်ကြီးကို ဘုရား ရှင်ထံ ရေစက်သွန်းချ လှူဒါန်းသောအခါ ရအပ်သောကုသိုလ် ကို [illegible] ဝေပါတော့ဟု ဆိုလေလျှင် ဤလက်သမားကား လူသာ[illegible] သိကြားမင်းဖြစ်တန်ရာ၏ဟု အကဲခတ်မိကြလေ ကုန်၏။

ဘုရားရှင်အား-လှူငြားကျောင်းတော်၊
လက်သမားများ-လုပ်အားရှာသော်၊
မရနိုင်သား-စိတ်အားပျက်ချော်၊
သိကြားမင်း-သက်ဆင်းဆောက်လုပ်နှော်။

## (၁၅) ဘုရားရှင်တော် ကြွရောက်သော်


ဂဝမ္ပတိ မထေရ်လည်း မြတ်စွာဘုရားသခင်အား ငါးပါးသော ရှိခိုးခြင်းဖြင့် ရိုသေစွာရှိခိုးလျက် ဤသို့ နားတော်လျှောက်ထားလေ၏၊ သုဝဏ္ဏဘူမိ နေပြည်တော်၌ မိမိ၏ဘခင်တော်ခဲ့ဘူးသော ရသေ့နှစ်ပါးနှင့် တိုင်းသူပြည်သားတို့အား တရားရေအေး အမြိုက်ဆေးကိုတိုက်ကျွေးတော်မူရန်သုဝဏ္ဏဘူမိသို့ ဒေသစာရီ ကြွချီတော်မူပါမည့်အကြောင်းကိုလျှောက်ထားတောင်းပန်လေ၏၊ မြတ်စွာဘုရား သခင်လည်း ရှင်ဂဝမ္ပတိမထေရ်လျှောက်ထားချက်အတိုင်း သုဝဏ္ဏဘူမိသို့ ကြွရောက်လျှင် ရသေ့အများနှင့် များစွာသော တိုင်းသူပြည်သားတို့ အကျွတ်တရားရအံ့သည်ကို ၎င်းဆံတော်ဓါတ်မြတ်များ ကာလကြာရှည်စွာတည်လျက် သာသနာထွန်းကားမည့် အကြောင်းများကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူ၍ ရှင်ဂဝမ္ပတိမထေရ် လျှောက်ထားတောင်းပန်သည်ကို ခွင့်ပြုတော်မူလေ၏။

ထိုအခါ တာဝတိံသာနတ်ပြည် သိကြားမင်း၏ ဥယျာဉ်အတွင်း ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ကမ္ဗလာနီအဆင်းရှိသော ပဏ္ဍုကမ္ဗလာ-မြကျောက်ဖျာသည် တင်းမာခြင်းသို့ရောက်သည်ဖြစ်၍ သိကြားမင်း ကြည့်ရှုဆင်ခြင်သော် မြတ်စွာဘုရားသခင် သုဝဏ္ဏဘူမိသို့ ကြွရောက်တော်မူမည့်အကြောင်းကို သိလေလျှင် အတုလဘာဂဝါ သိတင်းသုံးရန် မုခ်

လေးဘက်ရှိသောပြာသာဒ်၊ အဂ္ဂသာဝက နှစ်ပါး သီတင်းသုံးရန် မုခ်နှစ်ဘက်ရှိသောပြာသာဒ်၊ ကြွင်းသော သာဝကတို့သီတင်းသုံးရန် မုခ်ဘဘက်ရှိသော ပြာသာဒ်အစရှိသည်ဖြင့် ငါးရာသောပြာသာဒ်တို့ကို ဖန်ဆင်းဆင်ယင်၍ သုဝဏ္ဏဘူမိသို့ကြွလျှင် ဤယာဉ်ပြာသာဒ်များကို စီးနင်းပြီး ကြွတော်မူပါရန် လျှောက်ထားလှူဒါန်းလေ၏။

မြတ်စွာဘုရားသခင်လည်း နံနက် မိုးသောက် ရောက်လတ်သောအခါ သရဒပုဏ္ဏမာတွင် ငါးဖြာအန္တရာယ် ရှင်းရှင်းပယ်လျက်ကြယ်တာရာနက္ခတ်တို့ ဝန်းပတ်ခြံရံခါယုဂန္ဓိုရ်တောင်ဦး မှကွန့်မြူး၍ထွက်လာသော တန်ဆောင်းမုန်း လပြည့်ဝန်းကြီးကဲ့သို့ ရတနာဂန္ဓကုဋိ တိုက်တော်မှ ထွက်ကြွတော်မူပြီးလျှင် သံဃာထေရ်ပံ့ပျံ့ခြံရံလျက် ကျောင်းတော်မှ ဆင်းသက်တော်မူ၍ မုခ်လေးဘက်ရှိသော ပြာသာဒ်တွင်း၌ သီတင်းသုံးနေတော်မူ၏၊ အဂ္ဂသာဝက နှစ်ပါးတို့သည် မုခ်နှစ်ဘက်ရှိသောပြာသာဒ်တို့၌ရင်း၊ ကြွင်းသောရဟန္တာတို့သည် မုခ်တဘက်ရှိသောပြာသာဒ်တို့၌သီတင်းသုံးနေတော်မူကြလျှင် နတ်ယာဉ်ပျံ ငါးရာတို့သည် အာကာသခရီးဖြင့်သုဝဏ္ဏဘူမိသို့ ရှေ့ရှုခါ ပျံသွားလေကုန်၏။

ဘုရားအမှူးရှိသော ရဟန္တာငါးရာတို့သည် သုဝဏ္ဏဘူမိ နေပြည်တော်ဝယ် သိကြားမင်း ဆောက်လုပ်သော ကျောင်းတော်သို့ ဆင်းသက်တော်မူရာ ရသေ့ညီနောင်နှစ်ပါးနှင့် တိဿ ဓမ္မသီဟရာဇာမင်း မျူးမတ်သေနာပတိတို့သည် ကျောင်းတော်သို့ဆီးကြိုပင့်ဆောင်ကြကုန်၏၊ သုဝဏ္ဏဘူမိ နေပြည်တော်ရှိ များစွာသော မြို့သူမြို့သားတို့သည် ကျောင်းတော်မှ စောင့်ကြိုလျက်



မြတ်စွာဘုရား သုဝဏ္ဏဘုမ္မိသို့ ကြွလာပုံ

အာရုံပြုနေကြစဉ် နီဖြူညိုမောင်းပြိုးပြိုးပျက် စသောရောင်ခြည်တော်ခြောက်သွယ်တို့သည် တပြောင်ပြောင် ထွန်းလင်းလျက်ရှိသည်ကိုမျက်ဝါးထင်ထင်ဖူးမျှော်ရလျှင် ဝမ်းသာရွှင်လန်း ပီတိတွေလျှမ်း၍ အလွန်အံ့သြ ငေးမောလျက် လက်ပန်းခတ်တီး ကောင်းချီးပေးကြကုန်၏။

မြတ်စွာဘုရားသခင်လည်း ကျောင်းတော်သို့တက်တော်မူခါ မြတ်သောဘုရားနေရာ၌ သီတင်းသုံးနေတော်မူ၏၊ ရဟန္တာငါးရာတို့လည်း နေရာအသီးသီး၌ သီတင်းသုံးနေကြကုန်၏၊ ရသေ့ညီနောင်နှစ်ပါးနှင့်တိဿမေဿီဟရာဇာမင်းလည်းကျောင်းတော်ကြီးကို ရေစက်သွန်းချ လှူဒါန်းလေ၏၊ မွန်မြတ်သောဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏၊ အထူးထူးသော လှူဒါန်းဘွယ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်းအမှုတို့ကို ပြုလုပ်ကြကုန်၏၊ ပြီးမှဘုရားရှင်လည်း ရောက်လာကြကုန်သောပရိသတ်တို့အား စရိုက်နှင့်လျော်စွာ ဒေသနာရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူလေ၏။

မြတ်စွာဘုရားသခင်လည်း သိကြားမင်း ဆောက်လုပ်သောကျောင်းတော်၌ ဖလသမာပတ် မြတ်သောချမ်းသာခြင်းဖြင့်နေ့သန့်တော်မူ၏၊ ရဟန္တာငါးရာတို့လည်း သင့်တင့်လျောက်ပတ်သောနေရာတွင် ဈာနသုခ၊ဖလသုခဖြင့် မျှတတော်မူကြကုန်၏၊ မြတ်စွာဘုရား၏တရား တော်ကိုနာကြားရသောဥပါသကာ ဥပါသကီတို့လည်းမိမိတို့အိမ်သို့ပြန်ကြပြီးလျှင်ပူဇော်ဘွယ်ကိစ္စများကိုပြုလုပ်ကြ၍ ညချမ်းအခါ ပန်းနံ့သာဆီမီးတို့ကို လက်စွဲလျက် တရားတော်ကို နာအံ့သောငှါကျောင်းတော်သို့ လာကြကုန်၏၊ ဤ


နည်းအားဖြင့်ခုနစ်ရက်ပတ်လုံးတရားစည်ကြီးရိုက်တီးနေရာ များစွာသော တိုင်းသူပြည်သားတို့သည် အကျွတ်တရားရကြကုန်၏။

ဘုရားရှင်အား၊ လျှောက်ထားပြန်ရာ၊
သာသနာရောင်ပြင်း၊ ထွန်းလင်းမည်သာ၊
ကောင်းကင်လမ်းက၊ ကြွမြန်းလာခါ၊
မြတ်တရား၊ ဟောကြားဒေသနာ။

○ ○ ○

## (၁၆) ဘုရားထံမှ ဆံတော်ရ

သုံးလူ့ထွဋ်ထားဘုရားရှင်သည် သုဝဏ္ဏဘုမ္မိနေပြည်တော်သို့ကြွားမင်းဆောက်လုပ်သော ကျောင်းတော်၌ခုနစ်ရက် တိုင်တိုင် ရသေ့ညီနောင် နှစ်ပါးနှင့် မိတ်ဆွေဖြစ်သော ကေလာသတောင်မှ ကေလာသရသေ့တပါး၊ သုံးပါးသော ရသေ့တို့နှင့် မင်းမိဖုရားပရိသတ်အများတို့အား တရားရေအေးတိုက်ကျွေးပြီး၍ မဇ္ဈိမဒေသသို့ ပြန်လည်ကြွမြန်းတော် မူခါနီးတွင် ရသေ့သုံးပါးတို့သည်ဘုရားရှင်၏ ထံပါးသို့ချဉ်းကပ်၍ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ အရှင်ဘုရား ပြန်လည်ကြွမြန်းတော် မူသည်နောက်ထာဝစဉ်ကိုးကွယ်နိုင်ရန်၊အရှင်ဘုရားကိုယ်စား တစုံတရာသောပစ္စည်းဝတ္ထုကို ပေးသနားတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်သောအခါဦးခေါင်းတော်ကို လကျ်ာလက်ဖြင့်



မြတ်စွာဘုရားသုဝဏ္ဏဘုမ္မိနေပြည်တော်၌ တရားဟောတော်မူပုံ

မိဋ္ဌာန်လျက် သုံးသပ်တော်မူရာ ပါလာသော ဆံတော်ဓါတ်မြတ် ၆ ဆူတို့ကို ရသေ့သုံးဦးအား နှစ်ဆူစီပေးသနားတော်မူလေ၏။

ရင်းပြင် ကုသိနာရုံတောင်က ရသေ့၊ဒိုးကမေ့ ခတွန်ဂလိုင်းတောင်ကဗုဒ္ဓညာဏရသေ့၊ ဒိုးခလွန်းတောင်က ရသေ့၊ မဲလံတောင်ကရသေ့၊ မွတ်လအိတောင်ကရသေ့၊ကျိုက္ခမိတောင်က ရသော့၊ကောာယက္ခဇုတ်သုတ်ကျွန်းကနတ်ဘီလူးညီနောင်၊ဒိုးယွန်းတောင်က ရသေ့၊ဆောင်ခဲတောင်က အလ္လကပ္ပရသေ့တို့လည်း အသီးသီးဆံတော်ဓါတ်မြတ်များကို ရရှိကြလေ၏။

ဘုရားရှင် ကိုယ်တော်မြတ်လည်း ရသေ့အများနှင့် နတ်ဘီလူးတို့အား ဆံတော်များကိုပေးသနားပြီး ကျောင်းတော်၌ သီတင်းသုံး၍ ခုနစ်ရက်မြောက်သောနေ့တွင် ပြာဿဒ်ယာဉ်သာထေရ်ငါးရာနှင့် မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးဖြင့် ပြန်လည်ကြွမြန်းတော်မူလေ၏၊ ရသေ့များနှင့် သိကြားမင်းတို့သည် မိမိတို့ နေရာဌာနသို့ ပြန်ကြကုန်၏၊ သုဝဏ္ဏဘုမ္မိဘုရင် မိဖုရား နှင့် တိုင်းသူပြည်သားတို့သည်လည်း မိမိတို့နေရာသို့အသီးသီးပြန်ကြလေကုန်၏၊ သိကြားမင်းဖန်ဆင်းသော ကျောင်းတော်ကြီးလည်း အလိုလိုကွယ်လေ၏။

ရသေ့အများ၊ လျှောက်ထားပြန်သော်၊
ပေးအပ်ခဲ့ပြား၊ ဓါတ်သားဆံတော်၊
နေ့ညမလတ်၊ မပြတ်ကော်ရော်၊
ဘဝင်ကြွ၊ ရှင်ပျံမြဲပူဇော်။

## (၁၇) ဓါတ်မြတ်ဆံခြည် စေတီတည်

ဤသို့ဆံတော် ဓါတ်မြတ်များကို ရသေ့အများနှင့် နတ်ဘီလူးအချို့ရရှိကြသည်တွင် ဇင်းကျိုက်တောင်၌ နေထိုင်သီတင်းသုံးသော ညီတော်သိဟရသေ့သည် နောင်တော် တိဿရသေ့၊ အဆွေတော်ကေလာသရသေ့ တို့နှင့် တိုင်ပင်ပြီး မိမိရရှိထားသော ဆံတော်ဓါတ်မြတ်နှစ်ဆူကို ဇင်းကျိုက်တောင် နှင့်ဇွဲကပင်တောင်တို့၌ တဆူစီစေတီတည်ပြီးလျှင် ထိုစေတီတော်တို့တွင် တဆူစီ ဌာပနာသွင်းနှံလေ၏၊ ထိုနောက် ကေလာသတောင်တွင် နေထိုင်သော သီတင်းသုံးဘော် မိတ်ဆွေရင်းဖြစ်သည့် ကေလာသရသေ့ကြီးလည်း မိမိရရှိထားသော ဆံတော်ဓါတ်နှစ်ဆူ အနက် တဆူကိုကေလာသတောင်၌ စေတီတည်ပြီးဌာပနာသွင်းနှံလေ၏၊ ကျန်တဆူကိုမူ မိမိ၏ ဆံကျစ်ကြား၌ ထားရှိကိုးကွယ်လေ၏။

နောင်တော်တိဿရသေ့အားဆံတော်များကို စေတီတည်ပြီး ဌာပနာရန် လျှောက်ထားသော်လည်း ငါရရှိထားသော ဆံတော်များကို ငါအသွေန်နှစ်သက် မြတ်နိုးသည်ဖြစ်၍ ငါ၏ ဦးခေါင်းပေါ်မှ မချလိုဟု ဆိုပြီးစေတီမတည်ဘဲ အမြဲဆံကျစ် ကြားတွင် ထားရှိကိုးကွယ်လေ၏။

ဤသို့ဖြင့် ဇင်းကျိုက်တောင် ဇွဲကပင်တောင်နှင့်ကေလာသတောင်တို့တွင် ဆံတော်တဆူစီသွင်းနှံ ဌာပနာ၍စေတီတည်သော အခါ သိကြားမင်းလည်းလာရောက် ကူညီသည်ဟု အဆိုရှိသည်။

မုဆိုးတောင်တွင် တိဿရသေ့၊ ကေလာသတောင်တွင် ကေလာသရသေ့၊ ဇင်းကျိုက်တောင်တွင် သီဟရသေ့တို့ သီတင်းသုံးနေထိုင်တော်မူကြရာတွင် ညဥ့်အချိန်၌ မီးဖြင့်အချက်ပြ၍ ဆက်ဆံပေါင်းသင်းနေထိုင်ကြလေ၏၊ တနေ့သော် ကေလာသ ရသေ့ထံမှ မီးအချက်ပြသည်ကို မမြင်သည် နှင့် တိဿရသေ့သည် အကြောင်းတစုံတရာရှိမည်ဟု အမှတ်ထားလျက်ကေလာသတောင်သို့ သွားရောက်ကြည့်ရှုရာ ယမန်နေ့ကပင်စုတေကွယ်လွန်ခဲ့သည့် မပုတ်မသိုးသောအဆွေတော်ကေလာသ ရသေ့၏ဆံကျစ်ကြားမှ ဆံတော်ဓါတ်မြတ်တဆူကို ထုတ်ယူ၍ အလောင်းကိုကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးလျှင် မိမိနေရာ မုဆိုးတောင်သို့ ပြန်ကြွလာလေ၏၊ ကေလာသရသေ့၏ ဦးခေါင်းထက်မှ ရရှိခဲ့သော ဆံတော်တဆူကို မိမိတွင်ရှိသော ဆံတော်နှစ်ဆူနှင့် အတူ ဆံကျစ်ကြားတွင်ထား၍ အမြဲကိုးကွယ်လေ၏။

သုံးဆူထွဋ်မြတ်၊ ဆံတော်ဓါတ်မှာ၊
စေတီသီးသီး၊ အပြီးသတ်ခါ၊
ကျန်သုံးဆူဓါတ်၊ ဆံမြတ်ကေသာ၊
ဦးခေါင်းထက်၊ ဆောင်ရွက်ပူဇော်ရှာ။

○ ○ ○

## (၁၈) စုတေခါနီး ရသေ့ကြီး

တိဿရသေ့ကြီးလည်း ဆံတော်ရရှိသည့် အချိန်မှ ၁၂-နှစ်မြောက် အသက်ရှစ်ဆယ်ပြည့်သော နှစ်တွင်ဇရာဒုဗ္ဗလဖြစ်၍သူ အိုနာဖြင့် စုတေရတော့မည် အကြောင်းကို သိကြားမင်းသည်

မိမိ၏ တန်ခိုးဖြင့်သိမြင်သောကြောင့် လူ့ပြည်သို့ ဆင်းသက်ခဲ့ပြီး လျှင်တိဿရသေ့ကြီး၏သား၊တိဿဓမ္မသီဟရာဇာမင်းထံရှေးဦးစွာသွားရောက်၍ အကြောင်းကို ပြောကြားလေ၏၊ထို့နောက် သုဝဏ္ဏဘုမ္မိဘုရင်နှင့် သိကြားမင်းတို့သည် ရသေ့ကြီးနေထိုင်သီတင်းသုံးရာ မုဆိုးတောင်သို့သွားရောက်ပြီးလျှင် ဆံတော်ဓါတ်သုံးဆူကိုစေတီတည်ရန် လျှောက်ထားတောင်းပန် ကြလေ၏၊ တိဿရသေ့ကြီးလည်း ရှေးနည်းအတိုင်းငြင်းပယ်တော်မူလေ၏။

ထိုအခါသိကြားမင်းကအရှင်ရသေ့၊အရှင်ရသေ့၏ အသက်ခန္ဓာသည်ဓမ္မတာအနိစ္စသဘောအတိုင်း စုတေရန် အချိန်နီးချေပြီ၊ အရှင်မကွယ်လွန်မီ ဆံတော်ဓါတ်များကို သားတော်လက်သို့ အပ်၍ သင့်လျော်သော[illegible]၌ ဌာပနာသွင်းနှံလျက် စေတီတည်လျှင် အရှင်ရသေ့၏ သဘောတော်ကျ ဖြစ်နိုင်ပါသည်၊ အရှင်စုတေပြီးနောက်မှစေတီ[illegible]လျှင် မျက်ကွယ်ဖြစ်၍စိတ်တိုင်းကျ ဖြစ်နိုင်မည် မဟုတ်[illegible]ကြောင့် ယခုအချိန်သည် စေတီတည်ရန် အချိန်ရောက်ပြီဟု လျှောက်ထားလေ၏။

ထိုအခါရသေ့ကြီးသည် ဆံတော်ဓါတ်မြတ်တို့ကို ဦးခေါင်းထက်တင်၍ နောက်အဘို့ကာလကြာမြင့်စွာ ကိုးကွယ်ဆည်းကပ်လိုပါသော်လည်း သိကြားမင်းလျှောက်ထားချက်အရ မကြာမီစုတေရတော့မည်ဖြစ်၍ ဆံတော်ကို မပေးဘဲ မနေသာသောကြောင့် အသင်သိကြားမင်း သင်လျှောက်ထားသည့် အတိုင်း ဆံတော်တို့ကို ဌာပနာပြီးစေတီတည်တော့မည်၊သို့ရာတွင် ငါ၏ဦးခေါင်းထက်တွင်ဆောင်၍နှစ်ပေါင်းရှည်ကြာစွာ ကိုးကွယ်လာခဲ့သော ဆံတော်ဓါတ်တို့ကိုငါ၏ဦးခေါင်းနှင့် ပုံသဏ္ဍာန်တူသည့် ချောမောပြေပြစ် နုသစ် ခိုင်မာလျက် ကာလရှည်စွာ တည်နိုင်

သော ကျောက်လုံးကြီးအတွင်း၌ ဌာပနာ၍ စေတီတည်လိုသည်၊ ထိုကျောက်လုံးကြီးမျိုးကို သင်ရအောင် ရှာပြီးလျှင် တခုသော တောင်ထွဋ်စောင်းတွင် တင်ပေးလော့ဟု အမိန့်ရှိလေ၏။

စုတေခါနီး၊ ရသေ့ကြီးကို၊
ဆံတော်ခါတ်များ၊ ဘုရားတည်လို၊
နေရာဌာန၊ ပြသထိုထို၊
သိကြားမင်း၊ သက်ဆင်းလျှောက်ထားဆို။

o o o

## (၁၉) အံ့ဘွယ်ထီးထီး ကျောက်လုံးကြီး

သိကြားမင်းလည်း တိဿရသေ့ကြီး၏ အမိန့်အတိုင်း ထို တောထိုတောင်တို့တွင် စောင့်ကုန်သော ဘုမ္မစိုး ရုက္ခစိုးနတ် တို့ကို ခေါ်၍ ရသေ့ကြီး ဦးခေါင်းနှင့်တူသော ကျောက်လုံး ကြီးများကို ရှာဖွေ ယူဆောင်ခဲ့ရမည်ဟု အမိန့်ရှိလေလျှင် နတ်တို့လည်း ထိုတောတောင်အတွင်း၌ ရှိသော ရသေ့ကြီး ဦးခေါင်းနှင့်တူသော ကျောက်လုံးကြီးတို့ကို ယူဆောင်လာခဲ့ ကြရာ ရောက်လာတိုင်းသော ကျောက်လုံးကြီးများကို ရသေ့ ကြီးအား ပြသလျှင် မိမိ၏ ဦးခေါင်းနှင့်မတူဟု ဆိုကာ၊ငြင်း ပယ်တော်မူလေ၏၊ ထိုအခါ သိကြားမင်းသည် သမုဒ္ဒရာရေ အောက်၌ တစုံတရာမပြုပြင်ဘဲ၊ ရသေ့ကြီး ဦးခေါင်းနှင့် အလုံးစုံတူသော ကျောက်လုံးကြီးကို ယူဆောင်ပြီးလျှင်ရသေ့ ကြီးအား ပြလေ၏၊ ရသေ့ကြီးလည်း ကျောက်လုံးကြီးကို

တွေ့မြင်လျှင် ဝမ်းသာ ရွှင်လန်း ပီတိတွေလျှမ်းလျက် လွန်စွာ ကြိုက်နှစ်သက်လေ၏။

သိကြားမင်းလည်း တိဿရသေ့ကြီး သဘောတူ လက်ခံလေလျှင် သိုးခြားတောင်ထွဋ်တခုကို ဖန်ဆင်းလျက် ထိုတောင်ထွဋ်စောင်းတွင် တင်၍ ရသေ့ကြီးအား ပြလေ၏၊ ရသေ့ကြီးလည်း လွန်စွာနှစ်ခြိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

ဤသို့ သိကြားမင်းသည် မိမိ၏တန်ခိုးဖြင့် တင်ပြစဉ်အခါက တောင်ထွဋ်နှင့် ကျောက်လုံးကြီး အချင်းချင်းမထိဘဲ အကြားတွင် ကြက်မတဝပ်ခန့် ကွာနေသည်ဟု အဆိုရှိသည်၊ ၎င်းတောင်ထွဋ်၏အမြင့်ပေ ဂဂ-ခန့်ရှိ၍ လုံးပတ် ၅၅ ပေခန့်ရှိသည်၊ ရသေ့ဦးခေါင်းပုံ ကျောက်လုံးကြီးကား အမြင့် ၁ဂ-ပေ၊ လုံးပတ် ၅၂-ပေ ရှိ၏၊ ထိုကျောက်လုံးကြီး၏ အပေါ်တွင် အဝ ၆-လက်မ၊အနက် ၃-တောင်တမိုက်ရှိသော ဌာပနာတိုက်ကို သိကြားမင်း တူးဖေါက်လေ၏။

သိကြားမင်းအား၊ မိန့်ကြားသည်မှာ၊
ဦးခေါင်းပုံရှိ၊ ကျောက်တိကိုရှာ၊
ပင်လယ်အတွင်း၊ သက်ဆင်းဆောင်လာ၊
တောင်ထွဋ်စောင်း၊ တည်ကြောင်းအံ့ဩစွာ။



သိကြားမင်း ကျောက်တုံးကြီးအား တောင်ထွဋ်ပေါ် တင်ပြပုံ

## (၂၀) စေတီတည်ဆဲ ပူဇော်ပွဲ

သိကြားမင်း ဆောင်ယူ၍ တောင်ထွဋ်တခုတွင် တင်ပြသော ကျောက်လုံးကြီးကို တိဿရသေ့ကြီးမြင်လျှင် လွန်စွာနှစ်သက် သည်ဖြစ်၍ မိမိဦးခေါင်း ဆံကျစ်ကြားတွင် တင်၍ ကိုးကွယ် ထားသော ဆံတော်ဓါတ်သုံးဆူကို ထုတ်ယူကာ သားတော် တိဿမွေ သီဟရာဇာမင်းလက်သို့ မရှင်ပျသော မျက်နှာဖြင့် အားရအောင် ဖူးမျှော်ပြီးလျှင် အကြိမ်ကြိမ်ဦးတိုက်၍ ပေးအပ် လိုက်လေ၏။

သိကြားမင်းနှင့် တိဿမွေ သီဟရာဇာမင်းတို့လည်း ဆံတော် ဓါတ်မြတ်သုံးဆူကို ရတနာ မြကြုပ်အတွင်းသို့ ထည့်သွင်းပြီးလျှင် လှပဆန်းကြယ် ရှုချင်ဘွယ်ရာ တင့်တယ်စွာ ခြယ်လှယ်မွန်းမံ ထားသော ရတနာပလ္လင်ထက်ရှိ ရွှေကလပ်ပေါ်တွင် တင်လျက် အပူဇော်ခံရန် ပင့်ဆောင်ထားေ ၏။

သုဝဏ္ဏဘုမ္မိ နန်းတွင်း မှူးမတ်များ မြို့သူ မြို့သားများတို့ သည်လည်း အထူးထူးအပြားပြား ဖူးမျှော် ပူဇော်ကြကုန်၏၊ထို သို့ ပူဇော်ကြပြီး ၇-ရက်မြောက်သောနေ့၌ ဓါတ်မြတ်ဆံတော် ကိန်းဝပ်နေသော ရတနာမြကြုပ်သည် ပရိသတ်များ ဖူးမျှော် နေစဉ်ပင် ကောင်းကင်သို့ ပျံတက်လျက် သက်တော်ထင်ရှား မြတ်စွာဘုရား၏အသွင်တော် ကောင်းကင်၌ ထင်လျက် တည် လေ၏၊ ရောင်ခြည်ေတာ် ခြောက်သွယ်တို့သည်လည်း တပြိုင်နက် ကွန့်မြူးလေ၏၊ ထိုရောင်ခြည်တော်တို့၏ အရောင်ဖြင့် တော တောင်တို့၌ ဝင်းဝင်းထိန်လျက် ရှိ၏၊ လျှပ်စစ်ရောင်တို့သည်၊

ကောင်းကင်၌ လင်းထိန်လျက်ရှိ၏၊ တူရိယာအသံကဲ့သို့သော အသံတို့သည် မြည်ကုန်၏။

တိဿရသေ့ကြီး သိကြားမင်း သုဝဏ္ဏဘုမ္မိဘုရင်နှင့် မင်းပရိသတ်တို့လည်း မကြုံစဘူး ထူးကဲ ဆန်းကြယ် အံ့ဩဘွယ်သော ဆံတော် ဓါတ်မြတ်တို့၏ တန်ခိုးတော်ကို မျက်ဝါးထင်ထင် ဖူးမြင် ကြည်ညို ရကုန်၏။

သုံးဆူသော ဆံတော်ဓါတ်မြတ်တို့သည်၊ ကောင်းကင်သို့ ပျံတက် ကွန့်မြူး အပူဇော်ခံပြီးလျှင် ဘုရားအသွင် ကွယ်ပျောက်၍ လူနတ် ပရိသတ်အပေါင်းတို့ ဖူးမျှော်နေစဉ်မှာပင် သိကြားမင်း ထွင်းဖေါက်ထားသော ကျောက်လုံးကြီးအထက်ရှိ ဌာပနာတိုက်အတွင်းသို့ ရတနာမြကြုပ်နှင့်တကွ အလိုလိုဆင်းသက်ကိန်းဝပ်လေ၏။

တိဿရသေ့ကြီးလည်း ဆံတော်ဓါတ်မြတ်၏- အံ့ဘွယ်သရဲ ထူးကဲသော အချင်းအရာတို့ကို ဖူးမျှော်ကြည်ညိုနေခိုက် ရှေးဘဝက ပြုဘူးခဲ့သော ကုသိုလ်ကံသည် ကုန်ဆုံးပြီဖြစ်၍၊ နောက်သို့တိမ်းလဲလျက် ရုတ်တရက် စုတေလေ၏၊ သိကြားမင်းနှင့် တိဿဓမ္မသီဟရာဇာမင်းတို့လည်း ရသေ့ကြီး၏အလောင်းကို မုဆိုးတောင်သို့ ယူဆောင်ပြီး ကောင်းမွန်စွာ သင်္ဂြိုဟ်ကြလေ၏။

ရသေ့ကြီးအလောင်းကို သင်္ဂြိုဟ်ပြီးနောက် သိကြားမင်းနှင့် တိဿဓမ္မသီဟရာဇာမင်းတို့သည် ရတနာအုတ်တို့ဖြင့် ဥာဏ်တော် ၃-တောင် ၁=မိုက်ရှိသော စေတီငယ်ကို ဆံတော်ဓါတ်ကိန်းဝပ်တော်မူသည့် ကျောက်လုံးကြီးထက်၌ တည်ထားခဲ့လေ၏၊ ထိုနောက်မုဆိုးတောင်၌လည်း တိဿရသေ့ကြီး၏ အရိုး



ဆံတော်ဓါတ်မြတ် တန်ခိုး ပြတော်မူပုံ

များကိုကောက်ယူခါ အရိုးအိုးစေတီငယ်တဆူကို တည်ထားလေ၏။

ယခုအခါ ကျိုက်ထီးရိုးစေတီတော် တည်ရှိသောတောင်ကို စေတီမတည်မီ ရှေးအခါက ထိုတောင်ရှိ ကျောက်လုံးများသည် တလုံးပေါ်တလုံးတင်လျက်နေသည်ကို အစွဲပြုလျက် လုံးတင်တောင်ဟုခေါ်သည် စေတီတည်ပြီးသည့် နောက်အချိန်တွင် မွန်အမျိုးသားတို့၏ ဘာသာစကားဖြင့် ကျိုက်ဣသိရိုးဟုတွင်လေသည်၊ အဓိပ္ပါယ်မှာ ကျိုက်-ဘုရား၊ ဣသိ-ရသေ့၊ရိုး-ရွက်သည်၊ ရသေ့ဦးခေါင်းဖြင့် ရွက်ထားသောဘုရားဟု အဓိပ္ပါယ်ရသည်၊ ကျိုက်ဣသိရိုးမှ ကာလကြာသောအခါ ကျိုက်ထီးရိုးဘုရားဟု ခေါ်တွင်ကြလေသည်။

စေတီတော်တည်ရှိရာတောင်ကိုလည်း ကျိုက်ထီးရိုးတောင်ဟု ခေါ်လေသည်။

ဆံတော်ဓါတ်မြတ်-တက်လတ်အာကာ၊
ရောင်ခြည်တော်မြူး-အထူးအံ့ရာ၊
တောတောင်အတွင်း-ထင်လင်းနေခါ၊
ဌာပနာတွင်း-သက်ဆင်းကိန်းဝပ်လာ။

၀ ၀ ၀

## (၂၁) နတ်ဒေဝါအား အစောင့်ထား

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နှင့် ရသေ့ကြီး၏ **အရိုးအိုးစေတီများ**တည်ပြီးသောအခါ သိကြားမင်းသည် အမျှော်အမြင်နှင့် ပြည့်စုံပြီး **တန်ခိုးကြီးသော** နတ်ကြီးတပါးကိုခေါ်

ပြီးလျှင် ဦးခေါင်းပုံ ကျောက်လုံးကြီး ဆံတော်မြတ်သုံးဆူ ကျောက်လုံးကြီးအထက်ရှိစေတီနှင့် တောင်၏ပတ်ဝန်းကျင်များကို နေ့ညဥ့်မပြတ် စောင့်ရှောက်ရမည်ဟု အစောင့်အနေခန့်ထားပြီးလျှင် ပုဗ္ဗယ်ကိစ္စ အဝဝတို့သည် ကုန်ဆုံးပြီးဖြစ်၍ တိဿဓမ္မသီဟရာဇာမင်းအား နှုတ်ဆက်ပြီးလျှင်မိမိနေရာ တာဝတိံသာသို့ ပြန်လေ၏။

သိကြားမင်း အစောင့်ထားခဲ့သောနတ်မင်းကြီးသည်၊ရသေ့ဦးခေါင်းပုံ ကျောက်လုံးကြီးအနီးတွင် နေထိုင်စောင့်ရှောက်ရသောကြောင့် မဟာကလျာဏ်နတ်ကြီးဟု အမည်တွင်သေ၏။

စေတီတော်မြတ်-စောင့်လတ်သချော၊
နေ့ညဥ့်မပြတ်-ကြည့်ကြပ်ရန်သာ၊
ကလျာဏ်နတ်အား-မှာကြားပြီးခါ၊
သိကြားမင်း-တက်ခြင်းဝတိံသာ။

○ ○ ○

## (၂၂) နန်းကျင်ကိုကောက် မိဖုရားမြှောက်

သီဟရာဇာမင်းလည်း ပုဗ္ဗယ်ကိစ္စအဝဝတို့ ပြီးစီးသွားသော်လည်း သုဝဏ္ဏဘုမ္မိသို့ ပြန်မကြွသေးဘဲ မိမိငယ်စဥ်အခါက မုဆိုးတောင်တွင် ခမည်းတော် တိဿရသေ့ကြီးနှင့်အတူနေကြစဥ် ခမည်းတော်၏ ဥဘ္ဘားသို့မ်းငယ်ကို ကရင်အမျိုးသားစော်ကဲကြီး ဘိုးကော်လွတ်နှင့် နန်းကြာဟဲတို့အား မွေးစားရန်ပေးလိုက်သည်ကို အမှတ်တရ သတိထားမိသဖြင့် ငယ်စဉ်မှ ကွဲကွာနေခဲ့သော မိမိ၏နှမငယ်ကို မြင်လိုတွေ့လိုသောစိတ်သည်

ပြင်းပြစွာ ဖြစ်ပေါ်လာသဖြင့် နှမငယ်ရှိရာ မဲသနရွာသို့ နောက်လိုက်နောက်ပါ အခြွေအရံများနှင့် ကြွသွားတော်မူလေ၏။

မဲသနရွာသို့ရောက်၍ ဘိုးကော်လွှတ် နန်းကြာဟဲတို့အိမ်သို့ ဝင်မိလျှင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော ရွှေနန်းကျင်ကို မြင်လေသော် ဘိုးကော်လွှတ်နှင့် နန်းကြာဟဲတို့အား ရွှေနန်းကျင်၏အကြောင်းကို မေးမြန်းလေ၏။

ဘိုးကော်လွှတ်နှင့် နန်းကြာဟဲတို့လည်း ငယ်စဉ်က ဆရာ ခသေ့ကြီးထံမှ တောင်းယူ၍ အမွှေစားအမွေခံ မွေးမြူထား၍ ကြီးပြင်လာသော မိမိတို့၏သမီးဖြစ်ကြောင်းကို သံတော်ဦး တင်လေ၏၊ တိဿမမ္မသီဟရာဇာမင်းလည်း ရှေးဘဝက ပြုခဲ့ဘူး သော ကုသိုလ်ကံသည် ဆက်စပ်သည်ဖြစ်၍ မြင်ကတည်းကပင် တိမ်းညွတ်သောစိတ် ဖြစ်ပေါ်၏၊ ရွှေနန်းကျင်လည်း ထိုနည်း တူစွာ မြင်သည်နှင့် ချစ်ခင်နှစ်သက် တိမ်းညွတ်လျက်ရှိလေ၏၊ ထိုနောက် သီဟရာဇာမင်းသည် ကာမပိုင်လင်ယောကျ်ားရှိမရှိ ကိုမေးမြန်း၍ မရှိကြောင်းကိုသိရလျှင် သုဝဏ္ဏဘုမ္မိသို့ ဆောင် ယူ၍ မိဖုရားမြှောက်မည့်အကြောင်းကို ပြောဆိုခါ ဘိုးကော် လွှတ် နန်းကြာဟဲတို့ထံတွင် ရွှေနန်းကျင်အား တောင်းလေ၏၊ စော်ကဲကြီးဇနီးမောင်နှံတို့လည်း အလွန်ချစ်မြတ်နိုးသော သမီး ဖြစ်၍ မပေးလိုသော်လည်း မိဖုရားကြီးဖြစ်မည့်အရေးကို မျှော် တွေးဝမ်းမြောက်ခါ ညှဉ်းဆဲနှိပ်စက်ခြင်းမပြုဘဲ ကောင်းမွန် ချမ်းသာစွာ ထားတော်မူရန် သံတော်ဦးတင်ပြီးလျှင် ရွှေနန်း ကျင်အား ဆောင်ယူခွင့်ပြုလေ၏။

တိဿဓမ္မသီဟရာဇာမင်းလည်း မဲသနုရွာမှ ရွှေနန်းကျင်ကို ယူဆောင်ပြီး ကျိုက်ထီးရိုးစေတီနှင့် ခမည်းတော်အရိုးအိုးစေတီ တို့ကို ဖူးမျှော်ကန်တော့ပြီးလျှင် အမတ်စစ်သူကြီးများခြံရံကာ သုဝဏ္ဏဘုမ္မိသို့ ပြန်လည်ကြွသွားတော်မူပြီးနောက် နေပြည် တော်သို့ ရောက်လျှင် ရွှေနန်းကျင်အား မိဖုရားကြီး အဖြစ် ဘိသိတ်သွန်းလောင်း၍ မိဖုရားမြှောက်လေ၏။

ဤသို့ ရွှေနန်းကျင်အား မိဖုရားမြှောက်၍ လအတော်ကြာ သောအခါ မိဖုရားကြီး ရွှေနန်းကျင်သည် ကိုယ်လက်မအီမသာ မကျန်းမမာဖြစ်လာလေ၏၊ ကာလကြာသော် ကိုယ်သားကိုယ် ရေတို့သည် ပိန်ကြုံခန်းခြောက်လာကုန်၏၊ တိဿဓမ္မသီဟရာဇာ မင်းလည်း သုဝဏ္ဏဘုမ္မိ နေပြည်တော်အတွင်းရှိ သမားဟူး ရားကောင်းများနှင့် အမျိုးမျိုးကုသပါသော်လည်း ပျောက် ကင်းချမ်းသာမှု မရှိဖြစ်လေ၏၊ ဤသို့မကျန်းမမာ ဖြစ်နေစဉ် ရွှေနန်းကျင်သည် မဲသနုရွာရှိ မိဘများအား များစွာသတိရ လွမ်းဆွတ်သည်ဖြစ်၍ မိဘများရှိရာ မဲသနုရွာသို့ ခေတ္တခဏသွား ရောက်နေထိုင်ခွင့်ပေးရန် ဘုရင်မင်းမြတ်ထံ လျှောက်ထား သံ တော်ဦးတင်လေ၏။

ဤသို့ရှိနေစဉ် ရွှေနန်းကျင်၏မိဘနှစ်ပါးနှင့် ဆွေမျိုးများ သည်လည်း ရွှေနန်းကျင်ကိုမတွေ့မမြင်ရသည်မှာကာလအတော် ကြာသဖြင့် များစွာသတိရ လွမ်းဆွတ်ကြလေ၏၊ သတိရလွမ်း ဆွတ်ကြသည့်အတိုင်း ခေတ္တခဏ အလည်အပတ်အဖြစ်ဖြင့် မိဘ ဆွေမျိုးများ အလွမ်းပြေစေရန်အလို့ငှါ ခေတ္တပြန်ခေါ်မည်ဟု ဘိုးကော်လွတ်နှင့်သား ပေန်းတင်တို့သည် သီဟရာဇာမင်း၏

နန်းတော်သို့ဝင်၍ သွီးအားလွှမ်းဆွတ် လှသဖြင့် လိုက်လာခဲ့ကြောင်းနှင့် မဲ့သနရွာသို့ ခေတ္တအလည်အပတ် ထည့်လိုက်ရန် သံတော်ဦးတင်လေ၏။

သီဟရာဇာမင်းလည်း ရွှေနန်းကျင်၏ ဘခင်ဘိုးကော်လွတ်နှင့် မောင် ပေန်းတင်တို့အားကောင်းမွန်စွာ ဒွတ္တ ဆုံးညွှဲခံကျွေးမွေးလျက် ရက်အနည်းငယ်ကြာသောအခါ မောင်းမမိဿံ အခြွေအရံများနှင့် အတူ မဲ့သနရွာသို့ပြန်ရန် ထည့်လိုက်လေ၏။

ရေစက်ဟောင်းက၊ ကံကြောင်းပေါ်လာ၊
နန်းကျင်ကိုတွေ့၊ ချစ်ငွေ့ဆူခါ၊
ကြည်သာခွာတောင်း၊ မတ်ပေါင်းစုံစွာ၊
ပြည်တော်ရောက်၊ ခြိုးမြှောက်မိဖုရားသာ။

o o o

## (၂၃) တောင်ကြားအကွေ့ ကျွန်နှင့်တွေ့

တိဿဓမ္မသီဟရာဇာမင်းကြီးလည်း မိဖုရားကြီးရွှေနန်းကျင်၏အလိုသို့လိုက်ခါ ဘခင်ဘိုးကော်လွတ်၊ မောင်ပေန်းတင်တို့နှင့်အတူမဲ့သနရွာသို့ခေတ္တသွားရောက်နေထိုင်ရန်အခြွေအရံများနှင့် ထည့်လိုက်လေ၏၊ မိဖုရားကြီးရွှေနန်းကျင် လည်း နောက်လိုက်နောက်ပါအခြွေအရံမခေါ်တော့ဘဲ တောင်ခြေမှ ပြန်လွှတ်ခါ တကိုယ်တည်းပင် မိမိ၏ ဘခင်၊မောင်တို့နှင့်အတူတောင်ခြေကင်မွန်းစခန်းမှ ပြန်လာခဲ့ရာ ကျိုက်ထီးရိုးစေတီတော်သို့ သွားရာလမ်းတွင်စမ်းရေခတွစီးကျလျက် ရှိသောရေမြောင်ကြီးသို့ရောက်

သောအခါ မောပန်းလှသည်နှင့် ခေတ္တရပ်နားနေသည်၊ ထိုသို့ရှေ့နန်းကျင်ခေတ္တစခန်းချ-ရပ်နားဘူးသည်ကို အစွဲပြု၍ ထိုနေရာကို စခန်းကြီးဟုခေါ်သည်၊ တောင်ကျစမ်းရေ မြောင်းကြီးရှိသည့်အတွက်လည်း ရေမြောင်ကြီးဟု ခေါ်ကြပြန်သည်။

အမောပြေ၍ ထိုအရပ်မှထ၍ တဖန်လာခဲ့ပြန်ရာ ယခုအခါ ကျိုက်ထီးရိုးကလေး စေတီတည်ရှိရာသို့ ရောက်ကြသောအခါ မောပန်းလာပြန်၍ နားရပြန်၏၊ ဤသို့ဒုတိယအကြိမ် ခေတ္တရပ်နားသည့်နေရာကို စခန်းလေးဟု ခေါ်သည်၊ ၎င်းနေရာတွင် ကျောက်လုံးကြီးတလုံးပေါ်၌ စေတီတဆူရှိသည့် အတွက်လည်း ကျိုက်ထီးရိုးလေးဟူ၍လည်းခေါ်ကြသည်။

ထိုအရပ်မှထ၍လာကြပြန်ရာ ခရီးအတော်ရောက်၍ တောင်ကြားတခုကိုကျော်လွန်သည်ကာလ နောက်မှ ကျားတကောင်သည်ရှေ့နန်းကျင်တို့ သားအဘရှိရာသို့ ကိုက်အံ့သောငှါ အပြေးအလွှားလိုက်၍လာလေသော် သားအဘ သုံးယောက်လည်း ကြောက်ရွံ့ခြင်းကြီးစွာဖြင့် တစုတရုံးတည်း ကျိုက်ထီးရိုးစေတီတော်သို့ သွားသောခရီးလမ်းစဉ်အတိုင်းပြေးခဲ့ကြလေ၏။

ဤသို့ပြေးခဲ့ကြစဉ် အဝေးမှဖူးတွေ့ရသော ကျိုက်ထီးရိုးဆံတော်ရှင်ကိုသာ အာရုံတင်လျက်ပြေးလာခဲ့ရာကျားသည်ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၏တန်ခိုးတော်ကြောင့် ရှေ့နန်းကျင်တို့သားအဘအား အမှီလိုက်၍အန္တရာယ်မပြုနိုင်ဘဲ၊ လမ်းခုလတ်တနေရာတွင် ရပ်တန့် ကျန်ရစ်ခဲ့လေ၏။

မိဘကိုလွမ်း၊ တက်လှမ်းပြန်လာ၊
မောဟိုက်ခါနွမ်း၊ အပန်းဖြေရှာ၊
တောင်ကြားအကွေ့၊ ကျားတွေ့ရာမှာ၊
အာရုံထား၊ ဘုရားကယ်မပါ။

## (၂၄) ဘုရားနားရောက် အသက်ပျောက်

ရွှေနန်းကျင်တို့သားအဘသုံးဦးတို့လည်း ကျိုက်ထီးရိုးဘုရားလမ်းအတိုင်းပြေးခဲ့ကြရာ ခရီးအတော်ရောက်၍ပြန်လှည့်ကြည့်ရာ ကျားကိုမမြင်မတွေ့တော့သော်လည်း ကြောက်စိတ်မပြေသေးဘဲ ဆက်လက်ပြေးခဲ့ကြရာမှ ယခုကျောက်သမ္ဗာန်ဘုရားအလွန်ကျိုက်ထီးရိုးဘုရားယင်ပြင်တော်ကုန်းအစပ်သို့ရောက်သောအခါမကျန်းမမာ၍ အားအင်နည်းပါးနေသည်ပြင် ပင်ပန်းစွာသွားလာဘူးသူမဟုတ်သော မိဖုရားကြီးရွှေနန်းကျင်သည် ထိုနေရာတွင်အားပြတ်လျက် မတ်တတ်မှ လဲလေတော့၏၊ ဘခင်ဘိုးကော်လွတ် နှင့်မောင်ပန်းတင်တို့လည်း စွမ်းအားရှိသမျှအမျိုးမျိုးပြုစုပါသော်လည်းသတိပြန်လည်မရရှိတော့ဘဲကျိုက်ထီးရိုးစေတီတော်ရှိရာသို့ဦးခေါင်းပြုလျက် အနိစ္စရောက်ရှာလေသတည်း။

ဤသို့မိဖုရားကြီးရွှေနန်းကျင်အနိစ္စရောက်လေလျှင် ဘိုးကော်လွတ်လည်း မဲသနရွာသို့ပြန်၍ ဇနီးနန်းကြာဟဲနှင့် ဆွေမျိုးအားလုံးတို့အကြောင်းကို ပြောကြား၍ တောင်ခြေ တောင်ရိုးရှိရွာအသီးသီးတို့သို့ အဆင့်ဆင့်ကြားစေလျက် သထုံဘုရင် ထံသို့လည်း လူလွှတ်လျှောက်ကာ လူပေါင်းစုံညီကြသောအခါ ထိုနေရာ၌ပင် ကောင်းမွန်စွာသဂြိုဟ်လေ၏၊ ရွှေနန်းကျင် ကွယ်လွန်အနိစ္စရောက်သောနေရာတွင် ယခုအခါရွှေနန်းကျင် ဘိုး

ကော်လွှတ် နန်းကြာဟဲနှင့် ပေန်းတင်တို့၏ ရုပ်ပုံများကိုပြုလုပ်ထားပြီး အဆောက်အဦးငယ်တခု တည်ဆောက်ထား လေ၏။

ဘုရားထံနီး၊ အပြီးရောက်လာ၊
မတ်တတ်ကလဲ၊ မမြဲနိုင်ပါ၊
နောက်ထပ်သတိ၊ မရှိသေရှာ၊
ကမ္ဘာ့စောင်း၊ ဦးခေါင်းပြုလျက်သာ။

○ ○ ○

## (၂၅) ဘုရားတဝိုက် သိမှတ်ထိုက်

ကျိုက်ထီးရိုးစေတီတော် တည်ရှိရာ တောင်၏အနီးပတ်ဝန်းကျင်တွင် ရသေ့တောင်၊ မုဆိုးတောင်၊ ကျီးကန်းဂူ သို့မဟုတ် ကျီးပါးစပ်ဂူ၊ ကျိုက်ထီးရိုးဘုရား၊ကျောက်ထပ်ကြီး နဂါးဘုရား၊ ဖါးဘုရား၊စကြံန်ကျောက်၊ နတ်ရေတွင်း ယင်ပြင်တော်ပေါ်၌ သိမ်၊ ကျောင်း၊ ဇရပ်များ၊ မဟာကဿပိန္နခေါ် ဘိုးဘိုးကြီး နတ်ရုပ်ပုံ၊သိကြားမင်း၊သီဟရာဇာမင်း၊ ရွှေနန်းကျင် ဘိုးကော်လွှတ် နန်းကြာဟဲနှင့် ပေန်းတင် တို့၏ရုပ်ပုံများတောင်တက်လမ်းခရီးတွင်ရှိသည်၊ကျောက်သမ္ဘာန်မြစေတီ၊ လွှမ်းစေတီ၊ ရေမြောင်ကြီးစခန်းတို့သည် သိမှတ်ထိုက်သော အကြောင်းအရာများဖြစ်၍ရှေ့တွင် တခုစီ စီစဉ်ရေးသားသွားပါမည် ဖတ်ရှုကြပါကုန်။

ဘုရားတဝိုက်၊ မှတ်ထိုက်တွေမှာ၊
လွန်စွာများပြား၊ သိထားဘွယ်ရာ၊
တခုစီဖြင့်၊ မှတ်ချင့်ဖြာဖြာ၊
စဉ်ခါထား၊ ထွေပြားစုံလင်စွာ။

## (၂၆) ဂူပေါင်းများမြောင်း ရသေ့တောင်

ကျိုက်ထီးရိုးစေတီတော် တည်ရှိရာ တောင်၏ အနောက်ဘက် အလွန် နက်သော ရှိုမြောင်ကြီးခြားလျက်တည်နေသော တောင်ကို ရသေ့တောင်ဟု ခေါ်ပါသည်၊ တိဿရသေ့ကြီး မုဆိုး တောင်၌ နေထိုင်သီတင်းသုံးနေစဉ် များစွာသော ရသေ့အပေါင်းတို့သည် ထိုတောင်တွင်နေထိုင်ကြလေသည်၊ ရသေ့များ နေထိုင်နိုင်ရန်လည်း ဂူပေါင်းများစွာရှိလေသည်၊ ရသေ့များ နေထိုင်ခဲ့ကြသည်ကိုအစွဲပြု၍ထိုတောင်ကိုရသေ့တောင်ဟုခေါ်သည်၊ ထိုတောင်ကိုသွားရန်ပန်းတင်ကျောက်မရောက်မီ လမ်းခွဲရှိသည်၊ ရုပ်ပွားတော် တဆူနှင့်တန်ဆောင်းတခုရှိပြီးလျှင် ရေမိုးအလွန် ပေါများသောတောင်ဖြစ်လေသည်။

ကျိုက်ထီးရိုးတောင်၏အရှေ့ဘက်၌ရှိသောတောင်ကို ကြက်မဝပ်တောင်ဟု ခေါ်ပါသည်၊ထိုတောင်၌အဘိုးထိုက်တန်သော ဆေးပင်အမျိုးမျိုးတို့ ပေါများလှသည်၊ အထူးသဖြင့် အဘိုးထိုက်တန်လှသော ငပြေရှင်ပင်၊ ငစိုင်ရှင်ပင်၊ ရှမ်းသွေးဆေးပင်နှင့် ပဒ္ဒမူပင်တို့သည် ထိုတောင်၌ပေါက်ရောက်ကုန်၏ ထိုကြောင့်လည်းရှေးအခါကာလကဝိဇ္ဇာထိုရ်တို့သည်ဆေးပင်ဝါးပင်အလို့ငှါ ထိုတောင်ထို ဌာနသို့ရောက်လာတတ်ကြသည်။

ရသေ့အများ၊ နေသွားသည်ချောင်၊<br>
စမ်းရေတွေပေါ၊ မြိုင်တောလျှိုမြောင်၊<br>
ဆေးပင်ဝါးပင်၊ စုံလင်သည်တောင်၊<br>
အဝေးကြည့်၊ ထင်သည့် ကျက်သရေဆောင်။

## (၂၇) သားငှက်များပြောင် မုဆိုးတောင်

ကျိုက်ထီးရိုးစေတီတော်တည်ရှိရာတောင်၏ အရှေ့မြောက်ဘက် ၃-ဖါလုံခန့်အကွာတွင် မုဆိုးတောင်ရှိလေသည်၊ ထိုတောင်၌ ရှေးအခါက မုဆိုးကြီးတယောက် နေထိုင်သည်ကို အစွဲပြု၍ မုဆိုးတောင်ဟု ယခုတိုင်အမည်တွင်လေသည်၊ ထိုစဉ်အခါက မုဆိုးကြီးသည် ထိုတောင်၏တနေရာတွင်ရှိသော ဂူတွင်နေထိုင်၍ တိဿရသေ့ကြီးလည်း ဇင်းကျိုက်တောင်မှ ပြောင်းရွှေ့လာပြီး အသက်ထက်ဆုံး ထိုတောင်တွင်ပင် နေထိုင်သီတင်းသုံးခဲ့သည်၊ ယခုအခါ တောင်ထိပ်တနေရာတွင် တိဿရသေ့ကြီး၏ အရိုးအိုးစေတီငယ်တဆူနှင့် ၎င်းစေတီ၏ တောင်ဘက်တွင် လျောင်းတော်မူ ရုပ်ပွါးတော်တဆူအပြင် တန်ဆောင်းတခုရှိလေသည်၊ ၎င်းတန်ဆောင်းနေရာတွင် ရသေ့ကြီး၏ အလောင်းကို သင်္ဂြိုဟ်သည်ဟု အဆိုရှိသည်၊ ကျိုက်ထီးရိုးဘုရားပွဲတော်အချိန်အခါ၌ မုဆိုးတောင်နှင့် ကျိုက်ထီးရိုးစေတီအကြားတွင် မြေအသင့်အတင့်ညီညာသည့်အလျောက်မုံ့သည် ဈေးသည်တို့ဖြင့် အလှုန်စည်ကားလှပေသည်။

သားငှက်တွေပြား၊ ကျက်စားဒေသာ၊
တိဿရသေ့၊ ပြောင်းရွှေ့နေရာ၊
မုဆိုးကြီးလည်း၊ တသီးတူစွာ၊
ဂူအများ၊ ဖြစ်ပွားရှိလျက်ပါ။

၀ ၀ ၀

## (၂၇) တောင်နန်းမြို့ငူ ကျီးကန်းဂူ

မုဆိုးတောင်၏ အနောက်ဘက်နှင့် ကျိုက်ထီးရိုးစေတီတော်၏ မြောက်ဘက်နှစ်ဖါလုံခန့်အကွာတွင် ကျီးကန်းဂူ-သို့မဟုတ် ကျီးပါးစပ်ဂူရှိလေသည်၊ သမိုင်းအစတွင် ဖေါ်ပြခဲ့သည့်အတိုင်း ဝိဇ္ဇာဒထိုရ်နှင့် နဂါးမတို့ ပေါင်းသင်းနေထိုင်သွားသော ဂူဖြစ်သည်၊ ဂူအပေါက်ကျဉ်းသော်လည်း အတွင်း၌ အသင့်အတင့်ကျယ်ဝန်းသည်၊ ဂူနှင့်ကပ်လျက် အပြင်ဘက်တွင် အလျား(၁၆) ပေ၊ အနံ (၉)ပေခန့်ရှိသော ကျောက်ပြားကြီးတခုသည် အပြင်ဘက်သို့ ထိုးထွက်လျက် အံ့သြဘွယ်ရာ ဖြစ်တည်နေသည်၊ အပြင်ဘက်သို့ထိုးထွက်နေသော ကျောက်စွန်းတွင် အပေါ်မှ အခြားကျောက်ပြားတပြားထပ်လျက် နေသည့်နေရာကို ကျီးပါးစပ်ဟုခေါ်သည်၊ လေမိုးလုံခြုံလှသည်၊ ၎င်းဂူနှင့်ကပ်လျက် နတ်ရုပ်ပုံနှင့် နတ်ကွန်းတခုရှိသည်၊ ၎င်းဂူတွင် ရှေးအခါက ကိုယ်ကာယကြီးမားသော ကျီးကန်းကြီး ၂-ကောင်နေသည်ကို အစွဲပြု၍ ကျီးကန်းဂူဟု ခေါ်တွင်လေသည်။

ဘောဂတိုင်းက၊ နဂါးနွယ်မှာ၊
လူ့ပြည်ကိုတက်၊ ကြင်ဘက်ကိုရှာ၊
ဝိဇ္ဇာကိုတွေ့၊ချစ်ငွေ့ဆုခါ၊
ဤဂူတွင်း၊ ပေါင်းသင်းပျော်ရွှင်စွာ။

○ ○ ○

## (၂၉) အံ့ဘွယ်တည်ပြန် ကျောက်သမ္ဗာန်

ကျောက်သမ္ဗာန်စေတီသည် ကျိုက်ထီးရိုးတောင် စေတီ၏ တောင်ဘက် ၃-ဖါလုံခန့်အကွာတွင် အလွန်ထူးဆန်းစွာ တည် လျက်ရှိသည်၊ အောက်မှ (၁၄)ပေခန့်အမြင့်ရှိသော ကျောက် တုံးကြီးတခုပေါ်တွင် သမ္ဗာန်သဏ္ဍာန်ရှိ ကျောက်ချမ်းတခုက ဆင့်လျက် တည်ရှိသည်၊ ထိုသမ္ဗာန်ပုံရှိ ကျောက်ချမ်းပေါ်တွင် စေတီငယ်တဆူကို တည်ထားလေသည်၊ စေတီနှင့်ကပ်လျက် အာရုံခံ တန်ဆောင်း တဆောင် ဆောက်လုပ် ထားသည်၊ သမ္ဗာန်ပုံသဏ္ဍာန်ရှိ ကျောက်ချမ်း ပေါ်တွင် တည်ထားသော ကြောင့် ထိုဘုရားကို ကျောက်သမ္ဗာန်ဘုရားဟု တွင်လေ၏။

ထူးထွေတသီး၊ အံ့ခြီးဘည်ပြန်၊
ကျောက်တုံးကြီးထက်၊ ကျော်တက်ဖြစ်ဟန်၊
ချောမွတ်သသပ်၊ လှုံးရပ်သဏ္ဍာန်၊
ဝေါဟာရ၊ ခေါ်ကြကျောက်သမ္ဗာန်။

## (၃၀) ဝမ်းရေတွေ့စီး ရေမြောင်ကြီး

ကင်မွန်းစခန်းမှ ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်ဖူး မျှော်လျှင် ခရီး ၃-ပုံ ၂-ပုံခန့်အရောက်တွင် ရေမြောင်ကြီးခေါ် သော စခန်းတခုရှိလေသည်၊ ရွှေနန်းကျင် သုဝဏ္ဏဘူမိမှ ပြန် လာစဉ်အခါ ပထမအကြိမ်ရပ်နားသော စခန်းဖြစ်သည်၊တောင် ကျရေကြောင့် အတော်ကြီးသော စမ်းရေစီးကြောင်းတခုရှိ၍ ရေမိုး ပေါများသောကြောင့် ဘုရားဖူးခရီးသည်များသည်၊ ထို

နေရာတွင် စခန်းချ ရပ်နား ညဉ့်အိပ်ကြလေသည်၊ တည်းခိုရန် ဇရပ် ၃-ဆောင်ရှိသည့်ပြင် ပွဲတော်အချိန်တွင် ထမင်းဆိုင် လဘက်ရည်ဆိုင်နှင့် စားသောက်စရာ မုံ့ပဲသရေစာအမျိုးမျိုးတို့ကို တည်ခင်းရောင်းချကြလေသည်၊ကျိုက်ထီးရိုးတောင်တက်ခရီး လမ်းတလျှောက်တွင် အကောင်းဆုံးနှင့်အစည်ကားဆုံးစခန်းဖြစ်၏၊ စမ်းရေမြောင်းကြီးရှိ၍ ရေမြောင်ကြီးစခန်းဟု အမည်တွင်လေသည်၊ ၎င်းမှ ဆက်လက်တက်သွားလျှင် ခရီး ၃-ပုံ ၂-ပုံ ခန့်အရောက်တွင် ထူးဆန်းစွာ ဖြစ်တည်နေသော ကျောက်ထွင့်၌ နှစ်ခုပေါ်တွင် စေတီတဆူစီ တည်ထားလေသည်၊ ၎င်းစေတီများကို လွှမ်းစေတီ—မြစေတီဟု အသီးသီးခေါ်ကြသည်။

စမ်းရေတွေ့ပေါ၊ အမောဖြေရာ၊
ဆိုင်ငယ်ဆိုင်ကြီး၊တသီးဝေဆာ၊
သစ်ပင်ဝါးပင်၊ စိမ်းလွင်သေလာ၊
ရေမြောင်ကြီး၊ မငြီးပျော်စရာ။

## (၃၁) လေချိုအေးအေး စခန်းလေး

စိုင်တမော့စခန်းအလွန်၌ အတော်အသင့်ကျယ်ပြန့်သောနေရာတွင် ကျိုက်ထီးရိုးကလေးစေတီ တည်ရှိသည်၊ ၎င်းကျိုက်ထီးရိုးလေးစေတီသည် အောက်က ကျောက်လုံးကြီးတလုံးပေါ်တွင် အပေါ်မှ ကျောက်လုံးတလုံးသည် ထူးဆန်းအံ့ဩဘွယ်ရာ ဆင့်လျက် ထိုအပေါ်ကျောက်လုံးထိပ်တွင် စေတီငယ်တဆူ တည်ထားလေသည်၊ ၎င်းစေတီအနီးတွင် တည်းခိုရန်ဇရပ်တဆောင် ဆောက်လုပ်ထားလေသည်၊ ထိုနေရာတွင် ရေမရရှိနိုင်သော်

လည်း တောတောင်တို့ကို ဖြတ်သန်းတိုက်ခိုက်လာသော လေအေးကြောင့် ခရီးသည်များ အမောပြေကြသည်၊ ကျိုက်ထီးရိုးစေတီတော်မြတ် တည်နေပုံနှင့်တူသောကြောင့်၊ ၎င်းဘုရားကို ကျိုက်ထီးရိုးလေးဟု ခေါ်ကြသည်၊ ရွှေနန်းကျင် ဒုတိယအကြိမ် စခန်းချရပ်နားဘူးသောကြောင့် စခန်းလေးဟူ၍လည်း ခေါ်ကြသည်။

တောကြီးမြိုင်နန်း၊ စခန်းသာယာ၊
လေချိုသွေးသွေး၊ အအေးပိုစွာ၊
ထူးထွေဆန်းပြား၊ ကျောက်သားဆင့်ကာ၊
စေတီမြတ်၊ တည်လတ်ဤဒေသာ။

## (၃၂) မြောက်ဘက်တခွင် လွန်စုံလင်

ကျိုက်ထီးရိုးစေတီ တည်ရှိရာတောင်တော်မှ မြောက်ဘက် တမိုင်ကျော်ခန့်အကွာတွင် ကျိုက်ဆီရိုစေတီ တည်ရှိလေသည်၊ ၎င်းမှ အရှေ့မြောက်ဘက် တမိုင်နီးပါးအကွာတွင် နဂါးစေတီ ဖါးစေတီများရှိလေသည်၊ ၎င်းအရပ်သည် နဂါးမနှင့် ဖါးမတို့ တွေ့ဆုံ မိတ်ဆွေဖွဲ့ကြသောနေရာဖြစ်သည်၊ ကျောက်စွန်းများ အပေါ်၌ နဂါးသဏ္ဌာန် ဖါးသဏ္ဌာန်ပြုလုပ်ခါ ထိုအပေါ်တွင် စေတီ တည်ထားလေသည်၊ ၎င်းမှ မြောက်ဘက်သို့ တမိုင်ခွဲခန့် အကွာတွင် ကျောက်ပြားကြီး ၂-ခုသည် ထူးဆန်းစွာ ထပ်လျက်ရှိသည်ကိုအစွဲပြု၍ ကျောက်ထပ်ကြီးဟု ခေါ်သည်၊ ၎င်းအပေါ်တွင် စေတီတည်ထား၍ ထိုစေတီကို ကျောက်ထပ်ကြီး

စေတီဟုခေါ်သည်၊ ကျိုက်ထီးရိုးဘုရားဖူးသူတို့သည် ၎င်းစေတီတော်များသို့လည်း သွားရောက်၍ ဖူးမျှော်ကြလေသည်။

မြောက်ဘက်ဒေသ၊ တွေ့ရလေပြီ၊
ကျိုက်ဆီရိုမြတ်၊ ကျောက်ထပ်စေတီ၊
နဂါးနှင့် ဖါး၊ ပုံထားပြန်သည်၊
ကျောက်ကုန်းထက်၊ တင်လျက်ဘုရားတည်၊

## (၃၃) နတ်ရေတွင်းစုံ အဖုံဖုံ


ကျိုက်ထီးရိုး စေတီတော်၏မြောက်ဘက် စစ်တောင်းဘက်သွားရာ လမ်းခရီးတွင် နတ်ရေတွင်းခေါ် တွင်းငယ်တခုရှိသည်၊ ၎င်းနောက် ကျိုက်ထီးရိုးတောင်၏အနောက်ဘက် ချောက်ထဲတွင် နတ်ရေတွင်းငယ်တခုရှိသည်၊ မုဆိုးတောင်၏ အရှေ့ဘက်အလွန် နက်သောတောင်ခြေ ရှိမြောင်အတွင်း၌ ဂေါပကအဖွဲ့က ပုံပြင်ထားသော နတ်ရေတွင်းငယ်တခု ရှိလေသည်၊ ၎င်းနတ်ရေတွင်းအသီးသီးတို့သည် ကျောက်အကြားအတွင်းမှ ထွက်သောရေ ဖြစ်သည်၊ ရေတွင်းငယ်ကလေးပင် ဖြစ်သော်လည်း ဖြ င်းညွှင်းစွာ ခပ်ယူလျှင် မည်မျှပင် ခပ်ယူစေမူ မကုန်နိုင်၊ ကျိုက်ထီးရိုးယင်ပြင်တော်၌ ရေရှားပါးသည့်အခါ ရေသည်တို့သည် ထိုနတ်ရေတွင်းများသို့ သွားရောက်ခါ ခက်ခဲ ပင်ပမ်းစွာ ခပ်ယူ ရောင်းချကြလေသည်၊ ၎င်းနတ်ရေတွင်းမှ ရေသည် အနာရောဂါအမျိုးမျိုးကိုပျောက်ကင်းသည်ဟု ယုံကြည်ကြသည့်

အားလျော်စွာ ကျိုက်ထီးရိုးဘုရားဖူး ခရီးသည်တို့သည်၊ သွားရောက် ခပ်ယူလေ့ ရှိကြသည်။

စေတီတော်မြတ်၊ အောက်ရပ်မြေမှာ၊
ကျောက်ကြားထီးထီး၊ ယိုစီးထွက်လာ၊
တသွင်သွင်ကျ၊ အေးမြသီတာ၊
နတ်ရေတွင်း၊ ပျောက်ကင်းဝေဒနာ၊

## (၃၄) ယင်ပြင်တော်ဝယ် သိစဘွယ်

ကျိုက်ထီးရိုးစေတီ၏ ယင်ပြင်တော်သည် အတော်အသင့် ကျယ်ဝန်းပြီး ယင်ပြင်တော် အားလုံးသော နေရာတို့ကို ဖလ် မြေမှန်မြေ ခင်းထားသည်၊ အရှေ့ဘက်ကုန်း အနားတ လျှောက်၌ တည်းခိုရန် ဇရပ်ကြီး တဆောင်ကို ဆောက်လုပ် ထားသည်၊ မြောက်ဘက်၌ ဂေါပကအဖွဲ့ရုံးနှင့် ဘုန်းတော်ကြီး များ သီးသန့် တည်းခိုရန် ဇရပ်ကြီးတဆောင် ရှိလေသည်၊ ယင်ပြင်တော်အနောက်ဘက်၌ အာရုံခံ တန်ဆောင်း ၃ ဆောင် ရှိသည်၊ ၎င်းတန်ဆောင်းနှင့် ကပ်လျက် သိမ်ကြီးတဆောင် ရှိသည်၊ယင်ပြင်တော်၏မြောက်ဘက် နတ်တောင်ဟုခေါ်သော တောင်ကုန်းငယ်တခုရှိသည်၊ ထိုတောင်ကုန်းငယ်၏ ဘေးပတ် လည်တွင် ကျိုက်ထီးရိုးစေတီနှင့် တောင်တော်ကို စောင့်ရှောက် နေသည့် ဘိုးဘိုးကြီးခေါ် မဟာကဿပနွှေဝနတ်ရုပ်၊ ဆင်းတုတော်တဆူ၊ တိဿရသေ့ကြီးအား စေတီတည်ရန် သိကြားမင်း နှင့် သီဟရာဇာမင်းတို့ တောင်းပန်ပုံ၊ တိဿရသေ့ကြီး စုတေ သော ရုပ်ပုံနှင့် ဘိုးကော်လွတ်၊ နန်းကြာဟဲ၊ ငပန်းတင်နှင့် ရွှေ နန်းကျင်တို့၏ရုပ်ပုံများသည်၊ ထိုတောင်ကုန်း ဘေးပတ်လည်



ကျိုက်ထီးရိုးဘုရား ယင်ပြင်တော်ပုံ

ဘွင် ရှိသည်၊ ယင်ပြင်တော်၏ အနောက်ဘက် မုဆိုးတောင်သို့ သွားရာ လမ်းခွဲအနီးတွင် အလွန်ကြီးသော ကျောက်ချမ်းကြီး တခု ရှိသည်၊ ၎င်းကျောက်ချမ်းကြီးအပေါ်တွင် တိဿရသေ့ကြီး စကြံန်ရှောက်သည့်အတွက် စကြံန်ကျောက်ကြီးဟု အမည် တွင်လေသည်။

ယင်ပြင်တော်ကြီး၊ ဖန်တည်းမွန်းမံ၊
ဇရပ်တန်ဆောင်း၊ သိမ်ကျောင်းတန်တန်၊
မီးစက် ရေစက်၊ လည်လျက်ဖန်ဖန်၊
ဖလ်အသား၊ ခင်းထားမြေအောက်ခံ။

## (၃၅) နတ်ကွန်းစုံလင် ကုန်အစင်

ကျိုက်ထီးရိုးစေတီတော် တောင်ခြေ ကင်မွန်းစခန်း၌ နတ်ကွန်းတခု ရှိသည်၊ ထိုနတ်ကွန်း၌ နတ်ရုပ်ပုံတပုံအပြင် ဘေးတဘက်တချက်တွင် ကျားရုပ်တခုနှင့် သူရဲရုပ်တခု ရှိသည်၊ စေတီတော်သွား လမ်းခရီးတနေရာတွင် ကျောက်လုံးကြီးတခုပေါ်၌ နတ်ရုပ်ပုံတခုသည် အဆောက်အဦးငယ်တခုနှင့် ရှိသည်၊ ၎င်းနတ်ကြီးကို ဟုန်းနတ်ကြီးဟု ခေါ်သည်၊ ကျီးကန်းဂူတွင်လည်း နတ်ကွန်းတခုရှိပြီး နတ်ရုပ်ပုံလည်း ရှိသည်၊ ၎င်းနတ်ကို ကာကွဏ္ဏ နတ်ဘီလူးကြီးဟု ခေါ်သည်၊ မုဆိုးတောင်သို့ သွားရာလမ်းတွင်လည်း နတ်ကွန်းတခုရှိသည်၊ ဆိုခဲ့ပြီးသည့်အတိုင်း ယင်ပြင်တော်ပေါ်ရှိ နတီတောင်ခေါ် တောင်ကုန်းငယ်ဘေးတွင် မဟာလ္လာဿိန္ဒေဝ ဘိုးဘိုးကြီးနတ်ကွန်းနှင့် ပုံတော်ရှိသည်၊ နတ်ကို

ယုံကြည်ကြသောလူတို့သည်၊ နတ်ကွန်းရှိရာ ဌာနအသီးသီးသို့ သွားရောက်ခါ ပူဇော်ပသလေ့ရှိကြသည်။

နတ်ကွန်းထွေပြား၊ ဘုရားတောင်တော်၊
ယုံကြည်သူများ၊ လူသွားပူဇော်၊
ယခုခေတ်၌၊ နှစ်ခြိုက်မလျော်၊
ရှေးအတိတ်၊ဂုဏ်ဟိတ်သတင်းကျော်။

## (၃၆) အမြင့်ထွဋ်ခေါင် လုံးတင်တောင်

ကျိုက်ထိုမြို့၏ မြောက်ဘက် ၁၆-မိုင်ကွာတွင် ရှိသော ကျိုက်ထီးရိုးစေတီတော် တည်ရှိသည့်တောင်သည်၊ အရှေ့ရိုးမ တောင်တန်းအပါအဝင် ပေါင်းလောင်း တောင်ထွဋ်တနေရာ တွင် တည်ရှိ၍ ပင်လယ်ရေပြင်မှ ပေပေါင်း ၃၆၁၈-ပေ မြင့် လေသည်၊ ၎င်းတောင်၏တနေရာတွင် ကျိုက်ထီးရိုးစေတီ တည် ရှိလေသည်၊ မြန်မာနိုင်ငံတွင် စေတီပုထိုး အမျိုးမျိုးရှိကြသည့် အနက် ထူးဆန်း အံ့ဩဘွယ်အကောင်းဆုံးသော စေတီ ဖြစ်ပေ သည်၊ တည်နေပုံ ဆန်းကြယ်ခြင်း၊ တောတောင်သာယာ ကြည် နူးဘွယ်ကောင်းခြင်း၊ ဘုရားဖူး သွားလာရာတွင် နားနေရန် စခန်းအဆင့်ဆင့်ရှိခြင်းများကြောင့် ကျိုက်ထီးရိုး ဘုရားသည် ကျော်ဇော ထင်ရှားလှပေသည်။

ကျိုက်ထီးရိုးစေတီ တည်နေပုံမှာ အံ့ဩဘွယ်ရာကောင်းလှ သည်၊ ကြီးမား၍ မတ်စောက်သော ကျောက်ဆောင်တခု၏ အစွန်းတွင် လုံးပတ်ပေ ၅၀-ခန့်ရှိသော ရသေ့ဦးခေါင်းပုံ သဏ္ဌာန် ကျောက်လုံးကြီးတခုက ပြုတ်လှုတည်းကာ တင်၍ နေသည်၊ ထိုကျောက်လုံးကြီးပေါ်တွင် ဥဏ်တော် ၁၂တောင်

ခန့်မြင့်သော စေတီတော်ကို တည်ထားလေသည်၊ စေတီတည်ရှိရာ ကျောက်ဆောင်နှင့် ယင်ပြင်တော်သည်၊ ချောက်တခုခြားနေသောကြောင့် သံတံတားငယ်ဖြင့် ဆက်သွယ်ထား လေသည် စေတီတည်ထားရာ ကျောက်လုံးကြီးသည် လူတယောက်တွန်းရုံနှင့် လှုပ်ရှား၏၊ ဤသို့ထူးဆန်း အံ့ဩဘွယ် စံပယ်တော်မူခြင်းကြောင့်မြန်မာနိုင်ငံတွင်တန်ခိုးကြီးသောစေတီတဆူ ဖြစ်လေ၏။

ထိုစေတီဖြစ်ပေါ်လာရခြင်းမှာ သမိုင်းအစတွင် ဖေါ်ပြပြီးသည့်အတိုင်း မြတ်စွာဘုရားသခင်သည်မြန်မာသက္ကရာဇ်၁၁၀ခု-နှစ် ဆောင်းဥတုတွင် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်ရာ သထုံဘုရင် တိဿဓမ္မသီဟရာဇာမင်းနှင့် မှူးမတ် ပြည်သူ အပေါင်းတို့ကစံကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းလေသည်။ ဘုရားသခင်လည်း ယိုကျောင်းတော်ကြီးတွင် ၇-ရက်တိုင်တိုင် စံနေတော်မူစဉ် များစွာသော ဝေနေယျတို့အား တရားတော် အမြိုက်ဆေးကိုတိုက်ကျွေးတော်မူသည်၊ ထိုနောက်တိဿရသေ့ သီဟရသေ့နှင့် ကေလာသ ရသေ့တို့သည် ဘုရားသခင် ထံမှ ဆံတော်ဓါတ်မြတ်များကိုရရှိခဲ့ကြသည်၊ ထိုဆံတော်ဓါတ်များ အနက် ၃-ဆူသော ဆံတော်ဓါတ်မြတ်တို့ကို တိဿရသေ့ကြီး ထံမှ တောင်းခံ၍ သိကြားမင်းနှင့် တိဿဓမ္မသီဟရာဇာ မင်းတို့ တည်ထားခဲ့ခြင်းဖြစ်လေသည်။


ကျိုက်ထီးရိုးစေတီယင်ပြင်တော်မှ မြင်ရသော ရှုမျှော်ခင်းသည်အလွန်သာယာ လှသည်၊ ယင်ပြင်တော်မှ အနေ ာက်ဘက်သို့ မျှော်ကြည့်လျှင် ရာသီဥတုသာယာသောအချိန်၌ ပဲခူးရွှေမော်ဓောစေတီတော်ကိုဖူးမြင်နိုင်ပါသည်၊မြန်မာနိုင်ငံအ ရပ်ရပ်မှ ဘုရားဖူးများလာရောက်သည့်တွင် တရုတ်လူမျိုးများ၊ အများအပြားပါဝင်လေသည်၊ ဤဆံတော်ရှင် ကျိုက်ထီးရိုး ဘုရားကိုတ

ရတ် လူမျိုးတို့အထူးယုံကြည်ကိုးကွယ်သည်မှာ ဤဘုရားသို့ သုံးကြိမ်တိုင်တိုင် သွားရောက်ဖူးမျှော်လျှင် သူဌေးကြီး ဖြစ်သည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်လေသည်၊အသက်အရွယ်ကြီးသော သူတို့သည်အထမ်းပုခက်များကို စီးလျက် တက်ကြသည်။

သိကြားမင်းနှင့် တိဿမဟာဝိဟာရာဇာမင်းတို့ တည်ထားခဲ့စဉ် အခါက ဥဘဏ်တော် ၃-တောင်တမိုက်သာ ရှိသော်လည်း နောက်ထပ် စစ်တောင်းမြို့ဝန်၊ မင်းလှသိင်္ခသူ ထပ်မံပြင်ဆင်၍ ယခုအခါ ဥဘဏ်တော်အမြင့် ၁၂-တောင်ခန့်မျှရှိလေသည်။

တောင်တက်လမ်းမှာ တောင်ခြေ ကင်မွန်းစခန်းမှ ယင်ပြင်တော်ပေါ်ထိ ၇-မိုင်ခွဲရှိသည်၊တောင်ခြေမှခရီး၃-ပုံ၁-ပုံရေမြောင်ကြီးစခန်းထိလမ်းမှာ သဘာဝတောင်ကျရေစီးကြောင်းကိုပြုပြင်ထားသောလမ်းဖြစ်သည်၊ရေမြောင်ကြီးမှအထက်ကိုအချို့နေရာ၌ လူတို့ဖေါက်လုပ်ပြုပြင်ထားပြီး၊ အချို့နေရာ၌သဘာဝဖြစ်တည်နေသောလမ်းများဖြစ်လေသည်၊ ရွှေရင်စို့၊ဘိုးပြန်တောင်နှင့် စိုင်တမော့တို့သည် အလွန်မက်စောက်သော အတက်များဖြစ်သည်၊ သစ်ပင်ဝါးပင်တို့ဖြင့် စိမ်းလွင်စိုပြည် ကွေ့လည်ဝိုက်သန်းလျက် တင့်တယ်သောရှုမျှော်ခင်းရှိခြင်းကြောင့် တကြိမ်ရောက်ပြီးသော်လည်း နောက်တကြိမ် သွားရောက်လိုသောဆန္ဒသည် ကျိုက်ထီးရိုးဘုရားသွားရောက်ဖူးမျှော်ခဲ့သူတိုင်း ဖြစ်ပေါ်တတ်လေသည်၊ တောင်တက်ခရီး၇-မိုင်ကျော်ရှိ၍ အလွန်မောပန်းစွာ တက်ကြရသော်လည်း လမ်းခရီးတလျှောက်၌ အဆက်မပြတ်မုန့်ပဲသရေစာဆိုင်များ နှင့် တည်းခိုနားနေရန် နေရာများရှိကြ၍ ဘုရားဖူး သွားသူတို့သည် မောပန်းခြင်း မေ့ပျောက်ခါပျော်ရွှင်မှုရှိကြသည်။

ကျိုက်ထီးရိုးစေတီတော်သို့ သွားရာ လမ်း ၂-သွယ်ရှိသည်၊



ကျိုက်ထီးရိုးစေတီတော်ပုံ

ကျိုက်ထိုလမ်းနှင့် စစ်တောင်းလမ်းတို့ဖြစ်သည်၊ စစ်တောင်းမြို့ ဘက်မှတက်သောလမ်းမှာတောင်တက်ခရီး၆-မိုင်ရှိ၍ အလွန်မတ် စောက်လှသောကြောင့် ဘုရားဖူး အသွားအလာနည်းပါးသည် ပွဲတော်ချိန်တွင်ထိုလမ်းမှလည်းအချို့တက်ကြသဖြင့် နားနေရန် နေရာ ရေချမ်းစင်နှင့် ဈေးဆိုင်အချို့ရှိလေသည်၊ ရှုမျှော်ခင်း ကောင်းလှသဖြင့် ထိုဒေသသို့ သွားရောက်ပြီး ဘိုင်စကုတ်ရိုက်ကူး လေ့ရှိကြသည်။

ကျိုက်ထိုဘက်မှတက်သောလမ်းသည်တောင်တက်ခရီး၇-မိုင် ခွဲရှိပြီး လမ်းခရီးပြေပစ်ညီညာသဖြင့် ဘုရားဖူး အသွားအလာ များလှသည်၊ နားနေရန်စခန်းပေါင်း၃၀-ကျော်ရှိသည်၊စခန်း အသီးသီးတို့တွင် ရေမြောင်ကြီးစခန်းသည် ရေမိုးပေါများ၍ ဆိုင်ကြီးဆိုင်ငယ်အသွယ်သွယ်နှင့် တည်းခိုရန်ဇရပ်ကြီးများလည်း ရှိသဖြင့်အကောင်းဆုံးစခန်းတခုဖြစ်သည်။

ကျိုက်ထီးရိုးတောင်တက်ခရီးစဉ်မှာ၊ကင်မွန်းစခန်း၊ ဆင်ဆွဲ လမ်း၊ ရေမြောင်ကလေး၊ ရုံးပင်၊ ဒညင်းပင်၊ မရမ်းတောင်၊ ဇင်ပြွန်းပင်၊ ရွှေရင်စို့၊ ရွှေရင်သာ၊ ကဒပ်ချောင်း၊ သစ်ချပင်၊ ရေထံခွန်၊ ရွှေးပင်၊ ကွမ်းသီးမြောင်၊ အောက်ကျောက်ဖျာ၊ မြင်တော်မူ၊ ရေမြောင်ကြီး၊ ပန်းမတောင်၊မဟာမြိုင်၊ ကွမ်းသီး သုံးပင်၊ ထိန်ပင်၊ သရက်ပင်၊ ဘိုးပြန်တောင်၊ ဘန့်ဘွေးပင်၊ သပြေညို၊ ပိုင်တမော့၊အထက်ကျောက်ဖျာ၊ ကျောက်လက်ဝါး၊ စခန်းကလေး၊ ပန်းတင်ကျောက်၊ လွမ်းစေဘီ၊ ရွှေရင်အေး။ ကျောက်သမ္ဘာန်၊ နန်းကျင်ရုံ၊ ကျိုက်ထီးရိုးစေတီတော်တို့ ဖြစ် ပါသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၏ အရှေ့မြောက်ဘက် ၄-မိုင်ကျော်ခန့်တွင် ရှေးအခါကာလက တိုင်းရင်းသားကရင်အမျိုးသားဘိုးကော်လွတ်နှင့်ဇနီးနန်းကြာဟဲပေန်းတင်နှင့် ရွှေနန်းကျင်တို့ နေထိုင်ခဲ့ကြသော မဲသနရွာသည် ကာလရှည်ကြာလှသောကြောင့် မဲသနံဟုအမည်ပြောင်းခါယခုထက်တိုင်ထင်ရှားရှိလေ၏။

တောင်ရိုးတောင်တန်းတောင်ဆွယ်တို့သည် လူတို့နေထိုင်နိုင်လောက်အောင် ကျယ်ပြန့်သောကြောင့် ထိုတောင် ပေါ်၌ ရွာပေါင်း ၄၀-ကျော်ခန့်ရှိပြီး တောင်ယာပဲခင်း စိုက်ပျိုးခြင်း၊ ကွမ်းသီး၊ ဒူးရင်းများကို စိုက်ပျိုးခြင်းဖြင့် အသက်မွေးလျက် ဗုဒ္ဓဘာသာကို ကိုးကွယ်သော တိုင်းရင်းသားကရင်အမျိုးသားများနေထိုင်ကြလေသည်။

အကြောင်းအမျိုးမျိုးတို့ကြောင့်ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက် ဖူးမျှော်ခွင့် မရသည်မှာ ကာလအတော်ကြာပြီဖြစ်၍ ၁၉၆၃-မှစ၍ ရှေးကကဲ့သို့ပင် အေးချမ်းစွာ ဘုရားဖူးသွားရောက်နိုင်သည့် အလျောက် မကြုံစဖူး များပြားလှသောဘုရားဖူးခရီးသည် များကြောင့် အထူးမီးရထားများပင် ခုတ်မောင်းပေးလျက်ရှိသည်။

ထိုသို့များပြားလှသော ဘုရားဖူးများ၏ လုံခြုံရေး နှင့် ကျန်းမာရေးကို ရှေ့ရှုခါ တပ်မတော်သားများသည် ခရီးလမ်းတလျောက်လုံးနှင့် ယင်ပြင်တော်အနှံ့အပြားတို့တွင် စောင့်ရှောက်လျက်ရှိ၏၊ ကျန်းမာရေးအတွက် သန့်ရှင်းရေးအလုပ်သမားများလည်းဘုရားယင်ပြင်တော် သန့်ရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိသည်၊ ဂေါပကအဖွဲ့မှလည်း ဘုရားဖူးခရီးသည်

များ အေးချမ်းစွာဘုရားဖူးနိုင်ရန်နှင့် သက်သာချောင်ချိစွာ စားသောက်နိုင်ရန် ရည်ရွယ်၍ စားသောက်စရာဆိုင်များကို ဖွင့်လှစ် ရောင်းချလျက်ရှိလေသည်။

ဘုရားဂေါပကအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခင် ပျက်စီးနေသောမီးစက်ရေစက်တို့သည် ယခုအခါ ပြင်ဆင်ပြီးစီး စေတီတော်နှင့် ယင်ပြင်တော်တွင် ညဥ့်အချိန်မီးရောင်ဖြင့် ထိန်လင်းလျက်ရှိလေ၏၊ ဘုရားဖူးခရီးသည်များ အေးချမ်းသာ ယာစွာ နေထိုင်တည်းခိုနိုင်ရန် ယခုအခါ မုဆိုးတောင်သို့သွား ရာ လမ်းဘေးတလျှောက်တို့တွင် ဇရပ်ကြီးများကို သက်ဆိုင်ရာ ဂေါပက အဖွဲ့မှ အပူတပြင်းဆောက်လုပ်လျက် ရှိလေသည်။ ယင်ပြင်တော်နှင့်ရေမြောင်ကြီး စခန်းတို့တွင် ဆရာဝန်ဆရာမ များနှင့် ဆေးပေးခန်းများကို ဖွင့်လှစ်ရန်ပြင်ဆင်နေ၏၊ အစိုးရ အဆက်ဆက်တို့တွင် တကြိမ်တခါမျှ မရှိခဲ့ဘူးသောကျန်းမာရေး အတွက် ဆေးပေးခန်း၊ဆရာဝန်ဆရာမများ ထားရှိခြင်းကြောင့် ဘုရားဖူးသွားခရီးသည်များသည်လွန်စွာဝမ်းမြောက် ဝမ်းသာရှိ ကုန်၏။

အဆင့်အဆင့်၊ ထပ်တင့်တည်ပြန်၊
လုံးတင်တောင်မြတ်၊ ခေါ်မှတ်အမှန်၊
သာယာတင့်ထူး၊ ရှင်မြူးမြိုင်ယံ၊
ကျိုက်ထီးရိုး-တန်ခိုးကမ္ဘာလျှံ။

၀ ၀ ၀

၅၀-ရှိ ရွာတည်လျက်ထားလေသည်၊ ထိုရွာကိုကွမ်ဇိုင်းကျပ်ဟုမွန် ဘာသာဖြင့် ခေါ်လေသည်၊ အဓိပ္ပါယ်မှာ ကွမ်-ရွာ၊ ဇိုင်း-ခြေ၊ ကျပ်-ဘုရား အလုံးစုံကို ပြန်ဆိုလျှင်-ဘုရားခြေရင်းရွာဟု အနက် ရလေသည်၊ ကာလကြာသဖြင့် ဇိုင်းကျပ်၊ ၎င်းမှတဖန် ဇင်း ကျိုက်ဟုခေါ်ဝေါ်ကြပြန်သည်၊ ရှေးအခါကာလက စေတီ တော်၏ဘွဲ့တော်မှာ ကျိုက်ပျော်နတ်ဟု မွန်ဘာသာဖြင့် ခေါ် ကြသည်၊ မြန်မာဘာသာအားဖြင့် နဂါးမဘုရားဟု အဓိပ္ပါယ် ရလေသည်။

ဝိဇ္ဇာနဂါး၊ ပျော်ပါးလေရာ၊
အမည်သင်းထိုက်၊ ဇင်းကျိုက်တောင်သာ၊
စိမ့်မြိုင်ရှိနန်း၊ တင့်ဆန်းသာယာ၊
သူတော်ချင်း၊ သီတင်းမွေ့လျော်စွာ။

○ ○ ○

## (၃၈) ဂမုန်းစုံလင် ဇွဲကပင်

ယခုအခါ ဇွဲကပင်တောင်-ယခင် ဗန္ဓဝဂီရိဟု အမည်တွင် သော တောင်သည် ဇင်းကျိုက်တောင်၏ အရှေ့ဘက် မိုင် ၃၀- ခန့်အကွာတွင် သံလွင်မြစ်ခြားလျက် မည်သည့်တောင်နှင့်မျှ မ ဆက်စပ်ဘဲ တလုံးတည်း လယ်ကွင်းများအလယ်တွင် တည်နေ သည်၊ ကော့သူးလေပြည်နယ်မြို့တော်၊ ဖါးအံမြို့၏ ကျက်သရေ ဆောင်တောင်လည်းဖြစ်သည်၊ ၎င်းတောင်သည် ပင်လယ်ရေ ပြင်မှ ပေပေါင်း ၂၃၇၂-ကျော်မြင့်သည်၊ တောင်တက်ခရီး ၃—

မိုင်ခွဲခန့်ရှိပြီး ၂-နာရီ ကျော်ကျော်ခန့် တက်ရောက်ရသည်၊ တောင်တက်ခရီးသည် ပြေပြစ်ချောမောခြင်းမရှိ မတ်စောက်လှသဖြင့် အားအင်နည်းပါးသူများနှင့် အသက်အရွယ်ကြီးသူများ ထိုတောင်ကို မတက်နိုင်ပါ တောင်၏ အမြင့်ဆုံး နေရာတွင် ညီတော် သီဟရသေ့သည် ဆံတော် ၈ ါတ်မြတ်တဆူကို သွင်းနှံ၍ ဌာပနာ၍ ဥာဏ်တော်အမြင့် အတောင် ၃၀-ခန့်ရှိသော စေတီတဆူကို တည်ထားခဲ့လေသည်၊ ၎င်းစေတီကို ဇွဲကပင်စေတီ ဇွဲကပင်ဘုရားဟု ခေါ်ဝေါ်ကြသည်၊ ယင်ပြင်တော် အတော်အသင့် ကျယ်ဝန်းသော်လည်း တောင်ဘက်တွင် အလွန်နက်သော ချောက်နှင့် ၅-ပေခန့်ခွာလျက် တည်ထား၍ တောင်ဘက်မှနေပြီး ဘုရားကို အာရုံမပြုနိုင်ပါ၊ထိုတောင်၏ ထူးခြားချက်မှာ တောင်ထိပ်စေတီတော်၏ မနီးမဝေးမှာပင် ရေကို လိုသလောက်ရနိုင်သည်၊ သို့အတွက် ဘုရားဖူးသူတို့သည် ရေအခက်အခဲဘေးမှ လွတ်ကင်းကြသည်။

ထိုတောင်တွင်ဂမုန်းအမျိုးမျိုးတို့အလွန်ပေါ များသည်၊ဂမုန်းလောကတွင် ရှားပါးလှသော ဖါးဂမုန်း၊ လိပ်ဂမုန်း၊ ဂမုန်းနီနှင့်ကညာဂမုန်းတို့သည် ထိုတောင်တွင် ပေါက်ရောက် သည်ဟုအဆိုရှိသဖြင့် ဂမုန်းဝါသနာပါသော လူတို့သည် ထိုတောင်သို့သွားရောက်၍ ဂမုန်းရှာဖွေကြသည်၊ လူသိများသော ဂမုန်းအင်ခေါ် ဂမုန်းပန်းတမျိုးသည် ထိုတောင်မှ အများအပြားထွက်၍ အမြို့မြို့အနယ်နယ်သို့ တင်ပို့ရောင်းချကြလေသည်၊ တောင်တက်ခရီးလမ်းတွင် နားနေရန်စခန်းများရှိသော်လည်း ရေတံခွန်စခန်းတခုသာ အရိပ်အာဝါသ ဘုန်းတော်ကြီးကျောင်းဇရပ်တို့ရှိကုန်၏၊ စခန်းများမှာ ရေတံခွန်၊ ရွှေရင်စို့၊ စိုင်တမော့၊ ဒိုးပင်၊

မောင်ရင်လိမ့်ကျတို့ဖြစ်ပါသည်၊ သွားရောက်နိုင်သည့် ခရီးလမ်းများမှာ သံလွင်မြစ်၏ အရှေ့ဘက်ကမ်းရှိ ဝင်းကျန်ရွာ၊ တရုတ်လှရွာတို့မှ လှည်းဖြင့်သွားရောက်နိုင်ပြီး ဖါးအံမြို့မှ မော်တော်ကားနှင့် သွားလျှင်တောင်ခြေအထိ ဂမိုင်ခန့်ဝေးသည်၊ ပွဲတော်ချိန်မှာ တပေါင်းလဖြစ်သည်၊ သံလွင်မြစ်ကြောင်းသွား သင်္ဘောပေါ်မှ တောင်ထိပ်ပေါ်ရှိ စေတီတော်ကို ထင်ရှားစွာ ဖူးမြင်နိုင်လေသည်၊ ယခုအခါ တောင်တက် ကျောက်လှေခါးတည်ဆောက်ရန် ဂေါပကအဖွဲ့က စီစဉ်လျက်ရှိလေသည်၊ တောင်၏ အနီးပတ်ဝန်းကျင်တွင် မြန်မာကရင် မွန်တို့နေထိုင်သော ရွာအများအပြားရှိလေသည်။

သဇင်ဂမုန်း၊ မြိုင်လုံးလျှံလျှံ၊
သူတော်အများ၊ တရားရှာကြ၊
ဇွဲကပင်ဟု၊ ခေါ်ပြုဆိုပြန်၊
တောင်တော်မြတ်၊ ဆံဓါတ်ကိန်းဝပ်မှန်။

၀ ၀ ၀

## (၃၉) လိုအင်ပြည့်ဝ ကေလာသ

ရှေးအခါကာလ၌ ကေလာသရသေ့ကြီး နေထိုင်ခဲ့သောတောင်ဖြစ်သည်၊ ၎င်းတောင်သည် ကျိုက်ထီးရိုးတောင်၏ အနောက်တောင်ဘက် တောင်စွန်းရွာ အနီးတွင် တည်ရှိသည်၊ တောင်၏အမြင့်ပေ ၁၀၀၀–ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသည်၊ တောင်ထိပ်တွင်ဉာဏ်တော် ၃၅–တောင်ခန့် မြင့်သော စေတီတော် တဆူရှိသည်၊ ၎င်းစေတီသည် ကေလာသ ရသေ့ကြီးဆံတော်ဓါတ်မြတ်တဆူကို သွင်းနှံဌာပနာ၍တည်ထားခဲ့သော ဆံ

တော်ရှင်စေတီတော်ဖြစ်သည်၊ ၎င်းတောင်ကို ကေလာသတောင်ဟု ခေါ်သကဲ့သို့ ထိုတောင်ပေါ်ရှိ စေတီတော်ကိုလည်း ကေလာသ စေတီ ကေလာသဘုရားဟု ခေါ်ဝေါ်ကြကုန်၏၊ မီးရထားဖြင့် ခရီးသွားသူတို့သည် မီးရထားပေါ်မှပင် ကေလာသစေတီတော်ကို ဖူးမြင်နိုင်ကြလေသည်။

ခတောင်ပေါ်တွင် သစ်ဝါးအလွန် ပေါများလှသဖြင့် ထိုတောင်၏အနီးအနားရှိ ရွာများ၏ သစ်ဝါးခုတ်လုပ်ရာတောင်လည်းဖြစ်သည်၊ တောင်ပေါ်အချို့ မြေညီရာနေရာတို့တွင် ငှက်ပျောခြံအုပ်များနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသော ခြံများရှိလေသည်၊ ထိုကေလာသဘုရားသို့ သွားရောက်၍ ကမ္မဋ္ဌာန်းဝိပဿနာတရားများကိုအားထုတ်လျက် အလိုရှိသောဆုကိုတောင်းလျှင် အလုံးစုံပြည့်ဝသည်ဟု ယုံကြည်ကြသဖြင့် အချို့လူတို့သည် စေတီတော်သို့ သွားရောက်၍ အဓိဋ္ဌာန်ဖြင့်တရားအားထုတ်ကြလေသည်။

ထိုကေလာသတောင်ကို ရှေးအခါက ဒိုးခလွန်းတောင်ဟုခေါ်သည်၊ ထိုတောင်၏ မြောက်ဘက်တွင် ကျီးပင်ချောင်း၊ တောင်ဘက်တွင်ခနွံချောင်း၊အနောက်ဘက်တွင်ဝင်းကချောင်းစသည်ဖြင့် ချောင်းများ ဝိုင်းရံထားသောကြောင့် ဒိုးခလွန်းတောင်၊မွန်ဘာသာအရချောင်းဝိုင်းသော တောင်ဟုခေါ်သည်၊ ထိုတောင်ပေါ်ရှိ စေတီတော်ကို သက္ကရာဇ်၁၁၇-ခုနှစ် တိုက်ကုလားမြို့စားသပေါ်မင်း လက်ထက်တွင် တည်သောကြောင့်ရှေးအခါကာလက ကျိုက်သီလပေါ်ဟု တွင်လေသည်၊ ယခုအခါကျိုက်ကေလာသမြန်မာဘာသာဖြင့် ကေလာသဘုရား၊ ကေလာသတောင်ဟု ခေါ်ဝေါ်ကြသည်၊ ကေလာသရသေ့ကြီးတည်

သွားစဉ်အခါကဘိနပ်တော်အတောင် ၅၀ -ခင်း၍တည်ထားခြင်းကြောင့် ဇင်းကျိုက်စေတီ ဇွဲကပင်စေတီတို့ထက် ဉာဏ်တော်ပိုမြင့်လေသည်။

မြိုင်ယံတင့်ဆန်း၊ ပင်နန်းဝေဝေ၊
ကေလာသဟု၊ မည်ပြုခေါ်ပေ၊
ပန်ဆုယူက၊ ပြည့်ဝမသွေ၊
စေတီမြတ်၊ တည်အပ်တောင်ထွဋ်မြေ။

၀ ၀ ၀

## ဘုရားမင့်

**မဟာကာရုဏိကော၊ နထော**

**ဗုဒ္ဓေါမေဌာတု-သီသကေ**

မဟာကာရုဏိကော လူရောနတ်ပါ၊ သတ္တဝါကို ရာဟုလာသားအမျှထားလျက် သနားခြင်းဂရုဏာလည်း ရှိတော်မူထသော နထော-လောကသုံးဖြာ ဗြဟ္မာနတ်လူ သုံးပုံသူတို့ ကြည်ဖြူကိုးကွယ် မှီတွယ်ရာအစစ် ဖြစ်ကြီး ဖြစ်တော်မူထသော ဗုဒ္ဓေါ-လောကီလောကုတ် အမှန် ဟုတ်သည်၊ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂရှစ်ဖြာ၊ လေး သစ္စာကိုဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် တတ်တတ် ထင်ထင် သိမြင်တော်မူတတ်သော ဘုရားရှင်ကိုယ်တော် မြတ်သည်၊မေ-ခန္ဓာငါး၀၊သမုဟာကိုအတ္တသမုဒ်အကျွန်ုပ်

၏ သီသကော လေးထွေဘူတ၊ ကာယကိုယ်တွင် အမြတ်ထင်သည် ဦးပြင်ထိပ်ထက်၌ ဌာတု-ဂရုဏာ ရွှေ့ထား သနားသောအားဖြင့် တန့်စားရပ်တည်တော်မူပါမဟာ ဂရုဏာတော်သခင်အရှင်မြတ်ဘုရား....။

၀ ၀ ၀

## ကျိုက်ထီးရိုးဘုရားရှိခိုး

**အဘူတံ၊ သီသ သဒိသံ၊ သဗ္ဗလောက ဟိတတ္တရံ ဝိစိတ္တရံ အစိန္တေယျံ- ဥန္တေ ထူပံ အနုတ္တရံ။**

အဘူတံ မဖြစ်ဘူးဘဲ ဖြစ်တတ်မြဲ၍ အကဲလွန်တိုင်ရှုမနိုင်အောင် ခုတိုင်မတ်မား၊ ထင်ကျော် ကြားသည့် ကမ္ဘာထိပ်ထက် တောင်စွန်းဝက်ဝယ် ကြက်ငယ်ဝပ်မျှ ထက်မြူးကြွခါ သဒ္ဒါဖြိုးမောက် အံ့သြလောက်ပေထသော သီသ သဒိသံ ယောဂီဓလေ့ တောမှီမွေ့သည် ရသေ့ရှာန်ပျော် ဥကွောင်းတော်နှင့် ရှုမျှော်နိုင်းဆ တူပေထသော သဗ္ဗလောက ဟိတတ္တရံ လုံးစုံဉာဏ်ဟ ဇောစိတ်ကြွသည့် များလှသောင်းသောင်း လူအပေါင်းတို့၏ ခညောင်းဝပ်လျှိုး လက်စုံမိုး၍ ရှိခိုးပူဇော ကျိုးထူးရာလည်း ဖြစ်ပေထသော ဝိစိတ္တရံ သောင်းလောကဓါတ် ဇမ္ဗူရပ်၌ နှံ့စပ်ကျော်ဟိး တောင်ထွဋ်ကြီးဝယ် အစွန်းတွယ်လျက်အဆန်းတကျယ်လည်းဖြစ်တော်မူပေထသော အစိန္တေယျံ ဘယ်လိုတွက်တွက် ဘယ်အချက်ကြောင့်

ပြို့ပျက်မကျ ကျောက်စွန်းမျှပေါ် တည်ရနော်ဟု ဘုန်းတော်နှင့်ဂုဏ် အလုံးစုံကိုအာရုံစွဲမှိ မကြံစည်နိုင်ထသော အနုတ္တရံ-မြင့်ပေးကြမ်းတမ်း ခရီးပန်းလည်း၊ဘေးဘျမ်း မသင်၊ ဘုရားရှင်ကို မြင်လျှင်ရွှင်လန်း မမောပန်းဘဲ ဇောဥ္ဆါန်းပီတိ သဒ္ဓါဟိဖြင့် မရှိမဆိုင်း အနန္တဂိုဏ်းဝင် မနိုင်းယှဉ်အပ်၊ မြတ်ကြီးမြတ်တော်မူပေထသော ထူပံ ဆံတော်ဓါတ်မြတ် ကိန်းဝပ်ပျော်ရာ၊ ခြောက်ရောင်ဖြာသည့်ကြေငြာလွှမ်းမိုး ကျိုက်ထီးရိုးဟု တန်ခိုးထင်ပေါ် ဆံတော်ရှင် စေတီတော်ကြီးကိုအဟံ အရှင်မြတ် ခြေရင်း ဇောစိတ်သွင်း၍ ဝပ်စင်းကော်ရော် တပည့်တော်သည် ဝန္ဒေဝန္ဒာမိ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ခြိမ်းမွှမ်းထောပနာ ဆယ်ဖြာညွှတ်ကြိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်မြတ်ကြီး ဘုရား....။

○ ○ ○

## ဂဝမ္ပတိရဟန္တာနှင့် စပ်ဆိုင်သမျှသိကောင်းစရာများ

**သုဝဏ္ဏဘူမိ ဂန္တွာန၊ ဂဝမ္ပတိစ ရဟန္တာ**
**ပိတရာ ပူဇနတ္ထာယ၊ ဗုဒ္ဓဂုဏ အဒေသယိ။**

(**အနက်** ၊ အပရဘာဂေ-မဟာသက္ကရာဇ်၊ တွက်စစ်ရေသော် အနှစ်တရာ၊ တဆယ်သာသည့်၊ ခါမှိုပုဏ္ဏမ- တပေါင်းလ၌၊ တိဿမမွ၊ သီဟရာဇာ၊ နန်းတက်လာသည့်၊ ဂ-ခါလမြောက် ရောက်သည့်နောက်ဂယ်-ဂဝမ္ပတိစ- ရဟန္တာဂဝမ္ပတိနာမကျော်

ဟီး၊ရဟန္တာထေရ်ကြီးသည်၊သုဝဏ္ဏဘူမိံ- သုဝဏ္ဏဘူမ္မိ၊အမည်ရှိသည့်၊ ရွှေတိရောင်တို့၊အလျှံပြိုးသည့်၊မြို့ကြီးရှိရာသို့၊ ဂန္တွာနမြေမှမထင်၊ ဈာန်ဘိဉာဉ်ဖြင့်၊ ကောင်းကင်တလ၊ စံမြန်းကြွ၍၊ ပိတရာ-ရှေးဘဝက အဘတော်ဘူး၊ သီဟရသေ့ထူးကို၊ ပုစ္ဆနတ္တာယ- မိမိဖြစ်ပုံအကြောင်းစုံကို ပေါင်းခြုံစုဝေး၊ပြန်ပြောင်းမေးခါ၊ ဟောကြားပါမှ၊ ဆရာရှင်စော၊ မြတ်ဇီနော်ကို၊ မနောဟာဒယ၊ ဇောစိတ်ကြွခါ၊ ပီတိဖြာ၍၊ ပူဇာယနှ၊ သက္ကစ္စအလို့ငှါ၊ ဗုဒ္ဓဂုဏံ-သုံးလူ့ဆရာ၊ တို့မြတ်စွာ၏၊ ဂုဏာနန္တ- အဝဝကို အဒေသယိ- သူသာမက၊နောင်တော်မှသည်၊အစဦးဖြာ၊ လူများစွာအား၊ထောက်ထားညွှာတာ၊ ဟောကြားတော် မူရှာပြီ။ ။

**ဂါထာ** သတ္တမေ ဒေသေတွာန၊ ဂေါတမေန ပဉ္စသတာ၊
ဣမံ ဂါထာဒေသနာယ၊ မောစယိံ သုစပေ နေယျာ။

**အနက်** သတ္တမေ-ဂဝမ္ပတိရောက်လာပြီးနောက်၊၇-ရက်မြောက်၌၊ ဒေသေတွာန- ဘုရားရှင်နှင့် တကွ၊ နောက်ပါ များစွာကြွလာဘို့ကြောင်း၊ သခ်ဏ်းချောင်းစသည်ကို၊ ပြောကြားပြီး၍၊ ဂေါတမေနဘုရားရှင်ဂေါတမနှင့်တကွ၊ ပဉ္စသတာ-နောက်လိုက်နောက်ပါ၊ ရဟန်း၅၀၀-တို့သည် ဣမံ ဌာန်၊ နာမကျော်ဟီး၊ သုဝဏ္ဏဘူမ္မိခေါ် ရွှေမြို့တော်ကြီးသို့ ဂန္တွာ သောင်းသောင်းဖျဖျ ကြွရောက်လာကြကုန်ပြီ၊ အဂတာ ကြွရောက်လာပြီး၍ ဝေနေယျာ ကျွတ်သင့်စရာ သတ္တဝါတွေကို မောစယိံသု သံသရာရေး၊ လာမည့်ဘေးကို ကင်းဝေးစေတော်မူကုန်ပြီ။

ဂါထာ ကေသဂ္ဂ ဓာတုယော၊ တာပသာနံ့ကူဒ္ဓိမယော ဒတွာ-
ထူပံ ဋ္ဌပေတွာန၊အာဘောသေန၊ ဋ္ဌိတော၊ ဂတော။

**အနက်** အထ....ရှေ့ကိုယ်တော်မြတ်၊ ပြန်လည်လတ်သော်....၊ တပည့်တော်တို့ဥ၊ အနာထာယ ကိုးကွယ်ရာမဲ့၊ မဖြစ်ခဲ့အောင်၊ ကြံဆောင်ဖန်တီး၍၊ မေမမ- အရှင်သားမှည့်ခေါ်၊ တပည့်တော်အား၊ နာထံ အားထားသမှု၊ ကိုယ်စားပြု၍၊ ကိုးကွယ်ဆည်းကပ်ဘို့ရာကို၊ ဒေထ အရှင်ဘုရား တပည့်သားတို့အား သနားသမှု ကိုယ်တိုင်ပြု၍ ယခုမကြာ၊ပေး သနားတော်မူပါ့ဘုရား၊ ဣတိ ဤသို့ ယာစိတော တောင်းပန်အပ်သည်ရှိသော် ဣဒ်မယာ နီလ-ပီတ- လောဟိဘနှင့် ဩဒါတပါ- ရောင်ခြောက်ဖြာဖြင့်၊ကြွားကြွားဆင့်ဆင့်၊တင့်တယ်မြင့်စွာတန်ခိုးပြာဋိဟာဖြင့်ပြီးသောကေသဂ္ဂဓာတုယော၊စေတီဌ-မျိုးခေါ်ရိုးစဉ်လာ၊ရှိသည်မှာတွင်၊ ဘုရားရှင်၏၊ ဦးတွင်ပေါက်ရောက်၊ ထွန်းတောက်ပတ်မိုး၊ဆံတော်ဓာတ်မျိုးကို၊ တာပသာနံ၊ တိဿသီဟ ကေလာရဟုရသေ့သုံး ဘော်၊ မြတ်သူတော်တို့က၊ ဒတွာ ဦးခေါင်းရတနာ၊ ရှေ့လက်ျာဖြင့် လှည့်ခါပတ်လည်၊ သုံးသပ်သည်မှာ၊ ပါသည့် ဓာတ်တော် လေးဆူတော်ကို ပေးတော်မူပြီးမှ ထူပံ စေတီခေါ်ရိုး၊ ဆံတော်ဓာတ်မျိုးကို၊ဋ္ဌပေတွာန အားကိုးသမှု တည်ထားပြု၍- အာကေသေန၊ မြေမှမထင်၊ ကောင်းကင်ပြင်ဖြင့်၊ ဂစ္ဆတာ ရှေ့စက်အစုံ ကြာပဒုံကို၊ ဖြန့်ခြုံလွှား၍၊ကြွသွားတော်မူလေသတည်း။

## ကျိုက်ထီးရိုးသမိုင်းနှင့်သက်ဆိုင်သမျှ သက္ကရာဇ် အထောက်အထားများ

မြတ်စွာဘုရားရှင်၏ ဘိုးတော်အဥ္စနမင်းကြီးနှင့် ဒေဝီလရသေ့တို့ တိုင်ပင်ပြီး ရောက်ဆဲသက္ကရာဇ် ၈၆၄၉ ကိုဖြိုပြီး ၂ ချကြွင်း ထားရာမှ တိုးတက်လာသော သက္ကရာဇ် ၆၈-ခုနှစ်တွင် ဘုရားလောင်းသိဒ္ဓတ္ထမင်းသားကို ဘွားမြင်သည်။

သက္ကရာဇ် ၄၂ ခုနှစ်တွင် တိဿရသေ့ကြီးကို ဘွားမြင်သည်။

သက္ကရာဇ် ၈၉-ခုနှစ်ရသေ့ကြီး အသက် ၄၇- နှစ်တွင်ဥဘွား သတို့သားများပေါက်ဘွားသည်။

သက္ကရာဇ်၉၉ခုနှစ်အသက်၁၀- နှစ်တွင်ညီတော်သီဟရသေ့၏ သား ကွယ်လွန်သည်။

သက္ကရာဇ်၁၀၀-ခုနှစ်တွင် မဇ္ဈိမဒေသ မိတ္ထိလာပြည် အတုလသူဌေးသို့ ဆုမနဒေဝီမှ ဂဝမ္ပတိရဟန္တာလောင်းကို မွေးဘွားပြန်သည်။

သက္ကရာဇ် ၁၀၇ ခုနှစ်ဘုရားရှင်ငါးဝါ အရ ၇-နှစ်အရွယ် ဂဝမ္ပတိရဟန္တာ ဖြစ်တော်မူသည်။

သက္ကရာဇ် ၁၁၀ ခုနှစ်တွင် နောင်တော်ရသေ့ကြီး၏ သား တိဿမွေ့သီဟရာဇာမင်းနှန်းတက်သည်၊အသက် ၂၁ နှစ်

သက္ကရာဇ် ၁၁၀ ခုနှစ်အသက်၁၀-နှစ်ရှိဂဝမ္ပတိရဟန္တာသုဝဏ္ဏဘုမ္မိ သထုံပြည်သို့ကြွလာတော်မူသည်။

ထိုနှစ်သက္ကရာဇ်၁၁၀ ခုနှစ်ရှစ်ဝါအရ ဘုရားရှင်သည် ရဟန္တာငါးရာနှင့် သုဝဏ္ဏဘုမ္မိသထုံသို့ ကြွလာတော်မူသည်။

ထိုနှစ်သက္ကရာဇ် ၁၁၀ ခုနှစ်မှာပင် ဘုရားထံမှ ဆံတော်ရသည်၊ ထိုအချိန်တွင်တိဿရသေ့ကြီး အသက် ၆၈-နှစ်ရှိသည်။

ဆံတော်ရပြီး၁၂-နှစ်အကြာသက္ကရာဇ် ၁၂၂ ခုနှစ်ရသေ့ကြီး အသက် ၈၀-ဘွင်ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်တည်သည်။

## ကျမ်းပြီး နိဂုံး

ကျမ်းပြီးနိဂုံး ကမ္ဗည်းဆုံးရန် စိကုံးကဗျာ အလင်္ကာဖြင့် မြတ်စွာဗုဒ္ဓ၊ သုံးလောကန၏ အံ့စွဆံခြည် ဒီပနီကို ခေတ်မှီစွာလုပ် သမိုင်းအုပ်ဟု ရေးထုတ်ပါရ၊ ကုသလကြောင့်၊ ဘဝနောင်ခါ၊ ဖြစ်လေသရာမှာ မြတ်စွာထွန်းသို့၊ ဆုပန်ဆို၏၊ ထိုထိုဘဝ ပစ္စက္ခနှင့်၊ မှားစွအသူ၊ ကျင့်အမူကို၊ ဆံမြူမရှိ၊ သန့်ရှင်းဘိလျက်၊ မြတ်သည့် ဘုရား၊ မြတ်တရားနှင့်၊ မြတ်ဖျားသံဃာ၊ ရတနာကို၊ ပညာမျက်စိ၊ မျှော်မြင်သိ၍၊ သတိပဋ္ဌာန်၊ အကျင့်မှန်နှင့်၊ လျင်မြန်သောစွာ၊ ဘာဝနာဖြင့်၊ ဆါခါပွါးများ၊ မဂ်ဘုရားကို၊ ရပြားကောန်၊ တောင်းဆုပန်သည်၊ နိဗ္ဗာန်ထုတ်ခြောက်-ရောက်စေသောဝ်။

### အမှားပြင်ချက်

၁၁မျက်နှာ ဂဂ ကြောင်းရေ၁၁ ကျိုက်ထီးရိုး ဘုရားအစား ကျိုက်ခမီရိုးဘုရားဟူ၍၎င်း၊ ၁၁မျက်နှာ ဂဂ ကြောင်းရေ ၁၁ ဇရပ်ကြီး ၁၁ဆောင်ကိုအစား ဇရပ်ကြီး ၁၁-ဆောင်ကိုဟူ၍၎င်း၊ ၈၁မျက်နှာ၁၄ ကြောင်းရေ ၇ မင်းလှသိခ်သူ အစား မင်းလှသိခ်သူရ ဟူ၍၎င်း ပြင်ဆင်ဖတ်ရှုပါကုန်။

# ဦးဘဦး • ရေးသားသော

အောက်ပါ စာအုပ်များ

## မကြာမီ ထွက်တော့မည်။

တောင်ပြုံး ဆုတောင်းပြည့် ဘုရားသမိုင်း။

အမရပူရမြို့၊ ရတနာဂူ ဘုရားသမိုင်း။

ဘေသဇ္ဇနယ အလင်းပြ ဆေးကျမ်း။

☆★☆